ကြေးမုံ
The Mirror

၁၃၇၂ ခုနှစ်၊ ပြာသိုလဆန်း ၁၄ ရက်၊ အင်္ဂါနေ့၊ (18-1-2011) (၆၄၈)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် တိုင်းဒေသကြီး၊ ပြည်နယ် ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးများ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၇

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် တိုင်းဒေသကြီး၊ ပြည်နယ် ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးများ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ရုံးအမှတ်(၂၂)၌ ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးက အဖွင့်အမှာစကားပြောကြားရာတွင် ၂၀၁၀ ပြည့်နှစ် လွှတ်တော်အသီးသီး၏ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ၌ တည်ငြိမ်အေးချမ်းစွာနှင့် မှန်ကန်စွာဆောင်ရွက်ပြီးစီးခဲ့ကြောင်း၊ ရွေးကောက်ပွဲအတွေ့အကြုံများအရ နောင်တွင် ယခုထက် ပိုမိုပြည့်စုံကောင်းမွန်အောင် ဆောင်ရွက်သင့်သည်များကို အကြံပြု ဆွေးနွေးရန် ပြောကြားပြီး တိုင်းဒေသကြီး၊ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးများက အကြံပြုတင်ပြ ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသိန်းစိုးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (အပေါ်ပုံ) (သတင်းစဉ်)

အသိပညာပေး၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပြည်သူများအား ပေးစွမ်းလျက်ရှိသည့် ဆေးသုတေသန(အောက်မြန်မာပြည်)

သတင်းဆောင်းပါး
ရဲဝင်းဆောင်(ကြေးမုံ)

ဓာတ်ပုံမှတ်တမ်း
အေးမင်း

ကျန်းမာရေးဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)သည် ပြည်သူများ၏ ကျန်းမာရေးကိစ္စများကိုအချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးနိုင်ရန် အစီအစဉ်များ ရေးဆွဲအကောင်အထည်ဖော်လျက်ရှိပြီး ရှေ့ဆက်၍လည်း အရှိန်အဟုန်မြှင့်ကာ လုပ်ဆောင်သွားမည်ဖြစ်သည်ဟု သိရသည်။ ယင်းတို့အနက် အဆိပ်နှင့်ပတ်သက်၍လည်းကောင်း၊ မျိုးပွားကျန်းမာရေးဆိုင်ရာများနှင့် ပတ်သက်၍ လည်းကောင်း အများပြည်သူသိလိုသည်များ သိရှိနိုင်ရန် ၂၄ နာရီပတ်လုံး ဖြေကြားပေးခြင်းကို ဆောင်ရွက်ပေးလျက်ရှိသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❍

တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သင်ခန်းစာပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ (၁၅)နှင့် (၁၆)တွင် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သိမှတ်ဖွယ်ရာ သင်္ချာဘာသာရပ်သင်ခန်းစာကို ဖော်ပြထားပါသည်။

The Mirror
၁၈-၁-၂၀၁၁
(အင်္ဂါနေ့)

မြန်မာ့ရေထွက်ပစ္စည်း ကမ္ဘာ့ဈေးကွက် တိုးမြှင့်တင်ပို့

ကမ္ဘာတစ်ဝန်း၌ စားသုံးသူများက အရည်အသွေးကောင်း အစားအစာများကိုသာမက ဘေးကင်းစိတ်ချရသည့် အစားအစာများကိုပါ အလေးထားစားသုံးလာကြသည်။ နိုင်ငံ၏သားငါးကဏ္ဍသည် စားနပ်ရိက္ခာထုတ်လုပ်မှုတွင် အရေးပါလျက်ရှိသည်။ မွေးမြူရေးနှင့် ရေလုပ်ငန်းများ၌ သားငါးမျိုးကောင်းမျိုးသန့်များ မွေးမြူထုတ်လုပ်နေကြပြီ။ မျိုးကောင်း မျိုးသန့်ပွားများစေရေး ခေတ်မီနည်းပညာများ တိုးတက်အသုံးပြုနေကြပြီဖြစ်သည်။

ပြည်ပဈေးကွက် ဝယ်လိုအားကောင်းသည့် ရေချိုငါးမွေးမြူရေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်လုပ်ကိုင် နေကြပြီ။ ငါးသိုင်းခေါင်းပွ၊ ငါးကြင်းဖြူ၊ ရွှေဝါငါးကြင်း၊ တီလားပီးယားစသည့် ငါးများကိုပါ တွဲဖက်မွေးမြူနေကြပြီ။ နိုင်ငံပိုင်ငါးလုပ်ငန်းစခန်းများသာမက ပုဂ္ဂလိက စခန်းများတွင် ငါးမြစ်ချင်းငါး မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိသည်။ ၂၀၀၉-၂၀၁၀ ခုနှစ်အတွင်း ငါးမြစ်ချင်း ငါးတန်ချိန် ကိုးသောင်းကျော်တင်ပို့နိုင်ခဲ့သည်။

ပုစွန်မွေးမြူရေးအနေဖြင့် တစ်နိုင်ငံလုံးတွင် ရေချို ရေငန်ပုစွန် မွေးမြူရေး ဧကပေါင်း နှစ်သိန်းကျော်ရှိသည်။ အနှစ်နှစ်ဆယ်ကာလအတွင်း မွေးမြူဧက အဆ ၇၀ကျော် တိုးတက်နေပြီ။ ရေငန်ပုစွန်ကျား၊ ရေငန်ပုစွန်ဖြူ၊ ရေချိုပုစွန်ထုပ်ကြီးမျိုးများကို အများဆုံးမွေးမြူနေကြသည်။ ဈေးကွက်ရှိသည့် ကဏန်းပျော့များ တိုးချဲ့မွေးမြူနေကြောင်း တွေ့ရသည်။

မြန်မာ့ရေထွက်ပစ္စည်းထုတ်ကုန်များကို ပြည်ပသို့တင်ပို့ရာတွင် ယမန်နှစ်က တင်ပို့မှု လျာထားချက် ၆၁ ရာခိုင်နှုန်းကျော်ရှိသည်။ ရေချိုရေငန်ပုစွန်၊ ကဏန်း၊ ငါးရှဉ့်၊ ပင်လယ်ရေမှော်စသည်တို့ဖြစ်သည်။ ဈေးကောင်းရပြည်ပပို့ကုန်အမယ်သစ်များအနက် ကဏန်းပျော့ကို အများဆုံးတင်ပို့နေသည်။ တနင်္သာရီတိုင်းဒေသကြီးမှသည် ရန်ကုန်၊ ဧရာဝတီတိုင်းဒေသကြီးများနှင့် ရခိုင်ပြည်နယ်တို့တွင်ပါ တိုးချဲ့လုပ်ကိုင်လျက်ရှိရာ ကဏန်းမွေးမြူရေးရေပြင်ဧက လေးထောင်ကျော် တိုးတက်လာကြောင်း သိရသည်။

နိုင်ငံခြားငွေဈေးကောင်းရသည့် ရေထွက်ပစ္စည်းအမယ်သစ်များထဲတွင် ပင်လယ်ရေမှော်လည်း ပါဝင်သည်။ တနင်္သာရီတိုင်းဒေသကြီး၌ ပင်လယ်ရေမှော်ဧက သုံးရာကျော် မွေးမြူလုပ်ကိုင်လျက်ရှိသည်။ ၂၀၀၉-၂၀၁၀ ခုနှစ်အတွင်း မက်ထရစ်တန်သုံးသိန်းကျော် တင်ပို့နိုင်ခဲ့သည်။

မြန်မာ့ရေထွက်ကုန်ပစ္စည်းများကို ကုန်သွယ်ဖက်နိုင်ငံများနှင့် EU နိုင်ငံများသို့ ရောင်းချလျက်ရှိသည်။ ကမ္ဘာ့ဈေးကွက်လိုအပ်ချက်နှင့် အညီ တင်ပို့နေပြီ။ ရေချိုရေငန် ငါး၊ ပုစွန်၊ ကဏန်းများတိုးမြှင့်ထုတ်လုပ်နေကြပြီ။ မြန်မာ့ရေထွက်ပစ္စည်း ထုတ်လုပ်သူများအနေဖြင့် စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းပြီး နိုင်ငံတကာ စံချိန်စံညွှန်းမီ ရေထွက်ပစ္စည်းများ ကြိုးပမ်းထုတ်လုပ် တင်ပို့ကြခြင်းဖြင့် ကမ္ဘာ့ဈေးကွက်တွင် မျက်နှာပန်းလှ အောင်မြင်မှုရရှိလာမည် ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရွှေဘိုနှင့် ကသာခရိုင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၁၇

စစ်ကိုင်းတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင်သည် ဇန်နဝါရီ ၆ ရက်တွင် ကန့်ဘလူမြို့နယ်ရှိ တောင်ချောင်းတံတား တည်ဆောက်နေမှုနှင့် ချဉ်းကပ်လမ်းဆောင်ရွက်နေမှုတို့ကို လည်းကောင်း၊ ကိုးတောင်ဘို့ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ကျောင်းဆောင်သစ် တည်ဆောက်ထားရှိမှု၊ ကျေးရွာအတွင်း လမ်းလုပ်ငန်းဆောင်ရွက်ထားရှိမှုနှင့် ကိုးတောင်ဘို့ဘူတာရုံ ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးဆောင်ရွက်ထားရှိမှုတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထို့မှတစ်ဆင့် တိုင်းမှူးသည် ရွှေဘို-မြစ်ကြီးနားလမ်း (ကသာခရိုင်အပိုင်း) လမ်းဖောက်လုပ်ဆောင်ရွက်ထားရှိမှု၊ ကသာ-အင်းတော်-နန့်စီးအောင်လမ်းလုပ်ငန်းဆောင်ရွက်နေမှုနှင့် အင်းတော်မြို့နယ် နဘားရွာရှိ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

တိုင်းမှူးသည် ဇန်နဝါရီ ၁၀ ရက်တွင် စစ်ကိုင်းမြို့ ကောင်းမှုတော်ဘုရားကြီးသို့ရောက်ရှိပြီး ရွှေသင်္ကန်းကပ်လှူပူဇော်နိုင်ရေးလုပ်ငန်း ပြင်ဆင်ဆောင်ရွက်နေမှုနှင့် စေတီတော်ပရဝုဏ်အတွင်း လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြို့တော်ဝန် ဦးအောင်သိန်းလင်း ကွန်ကရစ်လမ်းသစ်များဖွင့်ပွဲတက်ရောက်

ရန်ကုန် ဇန်နဝါရီ ၁၇

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်းသည် ဇန်နဝါရီ ၁၅ ရက် နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် အမှတ်(၇/၉)ရပ်ကွက်ရှိ အရှည်ပေ ၁၉၅၀နှင့် အကျယ် ၄၈ ပေရှိ ရေကျော်လမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ တာဝန်ရှိသူများနှင့် အတူ လမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပုဇွန်တောင်မြို့နယ် အမှတ်(၇)ရပ်ကွက်ရှိ ပုဇွန်တောင်ဥယျာဉ်အိမ်ရာဝင်း စာကြည့်တိုက်ဖွင့်ပွဲ၊ အချင်းနှစ်လက်မရှိ စက်ရေတွင်း၊ ရေဂါလန် ၈၀၀ ဆံ့ အုတ်ရေကန်၊ ပန်းခြံနှင့် အရှည်ပေ ၄၉၀နှင့် အကျယ် ၁၈ ပေရှိ အိမ်ရာဝင်းပတ်လမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ အခမ်းအနားများသို့ တက်ရောက်၍ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ အမှတ်(၇)ရပ်ကွက်ရှိ အရှည်ပေ ၂၂၀နှင့် အကျယ် ၁၈ ပေရှိ ကွက်သစ်လမ်းနှင့် ကွက်သစ်ဖြတ်လမ်း ကွန်ကရစ်လမ်းသစ်နှင့် အမှတ်(၆) ရပ်ကွက်ရှိ အရှည်ပေ ၆၈၀နှင့် အကျယ် ပေ၂၀ရှိ ကုန်ဈေးတန်းလမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ အခမ်းအနားများသို့ တက်ရောက်၍ တာဝန်ရှိသူများနှင့် အတူ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး လမ်းသစ်များကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မြို့တော်ဝန်သည် တာမွေမြို့နယ် ဗညားဒလလမ်းဆုံမှ သမိန်ဗရမ်းလမ်းဆုံထိ ကွန်ကရစ်လမ်းချော ထပ်ပိုးခင်းနေမှု၊ မရမ်းကုန်းမြို့နယ် စွယ်တော်မြတ်စေတီတော်ပတ်လမ်း ယာဉ်သွားလာမှု လွယ်ကူချောမွေ့စေရန် စက်ယန္တရားများဖြင့် ကတ္တရာကွန်ကရစ် ထပ်ပိုးခင်းနေမှုနှင့် ပြီးစီးမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်မြို့တော်ဝန် ဦးအောင်သိန်းလင်းနှင့် တာဝန်ရှိသူများ ပုဇွန်တောင်မြို့နယ် ရေကျော်လမ်းမ ကွန်ကရစ်လမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။

(မြို့တော်စည်ပင်)

WISE မှ Research Method နှင့် Techniques သင်တန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၁၇

WISE International School for Executive က ကြီးမှူး၍ (Certificate in Research Methodology for Business) စီးပွားရေးလုပ်ငန်းများအတွက် စီမံခန့်ခွဲမှုများ၊ ဈေးကွက်များ ပိုမိုကောင်းမွန်စွာ အလုပ်လုပ်ကိုင်နိုင်စေရန် လက်တွေ့အသုံးချ Research Method နှင့် Techniques သင်တန်းကို ဇန်နဝါရီ ၂၁ ရက် (သောကြာနေ့)တွင် ထပ်မံဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းကာလမှာ ၁၀ ရက်ဖြစ်၍ ညနေ ၅ နာရီခွဲမှ ည ၇ နာရီခွဲအထိ နာရီ ၂၀ သင်ကြားပေးမည်ဖြစ်သည်။

Business, Enterprise, Marketing, Advertising, Promotion နှင့် Survey အစရှိသည်တို့ကို ဆောင်ရွက်ရာတွင် Research & Development Methody Techniques များ အသုံးချသည့် နည်းလမ်းများစွာနှင့် အဆင့်တို့ကို နိုင်ငံတကာတွင် အသုံးပြုနေသာ Methody များ တတ်မြောက်အသုံးချနိုင်စေရန်အတွက် အထူးဖွင့်လှစ် သင်ကြားပေးသွားမည်။

Business Owner များ၊ Management Executives, Admin Manager, HR Manager, BDM, Marketing Manager, Project Manager, Research & Development Manager စီးပွားရေးစတင်လုပ်ကိုင်ရန် ပြင်ဆင်နေသူများနှင့် စိတ်ပါဝင်စားသူများ အထူးတက်ရောက်သင့်ပြီး Workgroup, Presentation များလုပ်ခြင်း၊ Group Discussion များ၊ Brain Storming Section Practical Project များစသည့် သင်တန်းသားအခြေပြု သင်ကြားမှုပုံစံများနှင့် အတွေ့အကြုံရှိ ဝါရင့်ဆရာမကြီးက အထူးသင်ကြားဆွေးနွေးသွားမည်။

သင်တန်းကြေးမှာ ငွေကျပ် ၅၀၀၀၀ ဖြစ်ပြီး Member များအား သင်တန်းကြေး (၄၀)ရာခိုင်နှုန်းလျှော့၍ ခံစားခွင့်ပေးမည်။ စိတ်ပါဝင်စားသူများနှင့် တက်ရောက်လိုသူများသည် အသေးစိတ်အချက်အလက်များကို WISE International School for Executive အခန်းအမှတ် (၁၀၀၉) (၁၀)ထပ် ယုဇနတာဝါ ကမ္ဘာအေးစေတီလမ်းနှင့် ရွှေဂုံတိုင်လမ်းဆုံ ဗဟန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၅၆၁၈၃နှင့် ၀၉-၅၁၅၇၀၃၂နှင့် ဆက်သွယ်စုံစမ်းကာ ကြိုတင်စာရင်းပေးနိုင်ကြောင်း၊ Member ဝင်လိုသူများသည် WISE International School for Executive သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းနှင့် WISE International School for Executive တွင် လစဉ် Management သင်တန်းများ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ခရမ်းမြို့နယ်ကျေးရွာစာကြည့်တိုက်များသို့ စာအုပ်စာစောင်နှင့် ပရိဘောဂများလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၁၇

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ်အတွင်းရှိ ကျေးရွာစာကြည့်တိုက်များအတွက် မီဒီယာပစ္စည်း၊ စာအုပ်စာစောင်နှင့် ပရိဘောဂများ ပေးအပ်လှူဒါန်းပွဲကို ဇန်နဝါရီ ၁၄ ရက် နံနက် ၁၀ နာရီတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးတင်မြင့်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်အိဇာလှိုင်က ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ၂၁ လက်မရောင်စုံရုပ်မြင်သံကြားစက် တစ်လုံး၊ EVD အောက်စက်တစ်လုံးနှင့် စာအုပ်စာစောင်အုပ်၃၀၀၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ရေဒီယိုနှစ်လုံးနှင့် စာအုပ်စာစောင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် ဌာနဆိုင်ရာများက ရေဒီယိုခုနစ်လုံးနှင့် စာအုပ်စာစောင် ၃၂၄၅ အုပ်၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့က ရေဒီယိုတစ်လုံးနှင့် စာအုပ်မျိုးစုံ ၃၀၅ အုပ်၊ သန်လျင်မြို့ ရွှေကျင်ကျောင်းတိုက်က စာအုပ်မျိုးစုံ ၃၀၀နှင့် ကျေးရွာများမှ စေတနာရှင်ပြည်သူများက စားပွဲရှစ်လုံး၊ စာအုပ်စင်ခုနစ်ခု၊ ဗီရိုငါးလုံး၊ ခုံတန်းရှည်ကိုးလုံးနှင့် ကုလားထိုင် ၁၃ လုံး တို့ကို ပေးအပ်လှူဒါန်းကြရာ မြို့နယ်ဦးစီးမှူးက လက်ခံသည်။ **(အောက်ပုံ)** လှူဒါန်းငွေ စုစုပေါင်းမှာ ငွေကျပ် ၃၉၀၅၅၀၀ ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပေါင်းလောင်းအသင်း(ရန်ကုန်) နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဇန်နဝါရီ ၁၇

ပေါင်းလောင်းအသင်း (ရန်ကုန်)၏ (၂၆)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၃ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်းရှိ ရွှေကျင်မြို့နယ် ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အသင်းသား၊ အသင်းသူများ ကြွရောက်ကြပါရန်၊ အသက်(၈၀)ပြည့်ပြီး ဘိုးဘွားများနှင့် ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးရကျောင်းသား၊ ကျောင်းသူများ၏ အမည်စာရင်းကို အသင်းရုံးဖုန်း-၅၀၂၅၃၅၊ ၅၂၆၆၇၄ ဦးမောင်ချစ် ဖုန်း-၅၄၀၀၃၄၊ ၀၉-၅၀၂၁၄၈၁၊ ဦးညွှန့်ဖေ ဖုန်း-၂၀၀၄၂၈၊ ၂၉၁၈၈၅၊ ဒေါ်ခင်ထွေးရီ ဖုန်း-၀၉-၉၉၂၄၂၇၃တို့သို့ ဇန်နဝါရီ ၂၀ ရက် နောက်ဆုံးထားပေးပို့ကြရန် နှိုးဆော်ထားကြောင်း သိရသည်။

(ကြေးမုံ)

မိုးမိတ်မြို့နယ်အသင်း နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဇန်နဝါရီ ၁၇

မိုးမိတ်မြို့နယ်အသင်း၏ ဆဌမအကြိမ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၃ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် သာသနာရာမိကကျောင်းတိုက် အမှတ် (၉၀) မင်းလမ်း ဗဟန်းမြို့နယ်၌ ကျင်းပမည်ဖြစ်ရာ မြို့နယ်သူ၊ မြို့နယ်သားအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သိရသည်။

(ကြေးမုံ)

သန်လျင်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၂၆)ကြိမ်မြောက် သက်ပြည့်အငြိမ်းစား ဆရာကြီး၊ ဆရာမကြီး ၁၁၉ ဦးတို့အား အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၈ ရက်က အဆိုပါကျောင်း ပတ္တမြားခန်းမ၌ ကျင်းပစဉ်။

(၅၂၇)

❖ ကျောဖုံးမှ

အလတ်စား၊ အငယ်စား စုစုပေါင်း ၁၀၇၆၃၅ ခုရှိကာ စက်မှုဇုန် ၁၈ ခုမှာလည်း စက်ရုံအလုပ်ရုံ စုစုပေါင်း ၉၇၁၁ခု တည်ထောင်ဖွင့်လှစ် လုပ်ကိုင်လျက်ရှိကြောင်း၊ နိုင်ငံတော်၏ အားပေးကူညီမှုနှင့် သံရည်ကျို၊ စက်ခုတ်စားပုံလောင်း အလုပ်ရုံသုံးခုကိုလည်း မန္တလေး၊ တောင်ကြီး၊ အေးသာယာ၊ မုံရွာစက်မှုဇုန်များမှာ တည်ထောင်ပြီး အောင်မြင်စွာ လည်ပတ်ထုတ်လုပ်လျက်ရှိကြောင်း။

ယနေ့ ပြည်သူများ အဝတ်အထည် ဝယ်ယူသုံးစွဲမှုကို လေ့လာမည်ဆိုလျှင် လူနေမှုအဆင့်အတန်း ပိုမိုမြင့်မားလာသည်နှင့်အမျှ ခေတ်နှင့်လျော်ညီသည့် ဝတ်စားဆင်ယင်မှုများအတွက် အရည်အသွေးကောင်းမွန်၍ ဆန်းသစ်မှုရှိသော အဝတ်အထည်များ ပိုမိုဝယ်ယူသုံးစွဲလာသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

နိုင်ငံတော်၏ အဝတ်အထည်ကဏ္ဍတွင် ကုန်ကြမ်းအနေဖြင့် ဝါတစ်မျိုးတည်းကိုသာ သုံးစွဲထုတ်လုပ်သည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုအနေဖြင့် နိုင်ငံပိုင်ကဏ္ဍတွင် မြန်မာ့အထည်အလိပ်လုပ်ငန်းရှိ စက်ရုံ ၁၇ ရုံနှင့် တပ်မတော်စက်ရုံနှစ်ရုံ၊ ပုဂ္ဂလိကကဏ္ဍအနေဖြင့် စက်ရုံရှစ်ရုံတို့မှ နိုင်ငံ၏ အထည်အလိပ် လိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်လျက်ရှိရာ ချည် ၁၅ ဒသမ ၅၀ ရာခိုင်နှုန်း၊ ပိတ်ညို ၁၀ ဒသမ ၄၄ ရာခိုင်နှုန်း၊ စက်ထိုးထည် ၃ ဒသမ ၁၆ ရာခိုင်နှုန်းသာ ဖြည့်ဆည်း ဆောင်ရွက်နိုင်သဖြင့် ပြည်တွင်းလိုအပ်ချက်အား လုံလုံလောက်လောက် ဖြည့်ဆည်းနိုင်ရန်အတွက် အထည်စက်ရုံ၊ အလုပ်ရုံများ ထပ်မံတည်ဆောက်ရန် လိုအပ်လျက်ရှိနေကြောင်း။

သဘာဝ ကုန်ကြမ်းဖြစ်သည့် ဝါ၊ ထင်းရှူး၊ ယူကလစ်၊ ကျူပင်၊ ကိုင်းပင် အစရှိသော အပင်များမှ ရရှိသည့် ပျော့ဖတ်ဖြင့် ရေယွန်အမျှင်ထုတ်လုပ်သော စက်ရုံများ ဆောက်လုပ်နိုင်သည်ကို လေ့လာတွေ့ရှိရကြောင်း၊ ပြည်တွင်း၌ ရေယွန်ချည်ဖြင့် ထုတ်လုပ်သည့် အထည်အလိပ်စက်ရုံများ တည်ဆောက်မည်ဆိုပါက နိုင်ငံတော်၏ အထည်အလိပ် လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရုံသာမက ခေတ်နှင့်လျော်ညီသော အရောင်အသွေးကောင်းမွန်ဆန်းသစ်သည့် အဝတ်အထည်များအား ထုတ်လုပ်လာနိုင်မည်ဖြစ်ကြောင်း၊ ပုဂ္ဂလိက စက်မှုလုပ်ငန်းရှင်များအနေဖြင့် အထည်အလိပ် ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ခြင်းဖြင့် တိုင်းပြည်၏ အထည်အလိပ် လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်လာရုံသာမက နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေရန် အထောက်အကူ ပြုလာမည်ဖြစ်ကြောင်း၊ ပြည်တွင်းရှိ သဘာဝသယံဇာတအပေါ် အခြေခံပြီး ရေယွန်ထုတ်လုပ်သည့် စက်ရုံများ ဆောက်လုပ်ရန် လိုအပ်ချက်များကို ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် နိုင်ငံတော်၏ အထည်အလိပ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များက ပါဝင်ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း စသည်ဖြင့် ပြောကြားသည်။

ဆက်လက်၍ ဝန်ကြီး ဦးစိုးသိန်းက အထည်အလိပ်ကဏ္ဍ တိုးတက်မြင့်တင်နိုင်ရေးအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှု၊ စက်မှုလုပ်သားများရရှိနိုင်မှုနှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စရပ်များကို လည်းကောင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဝန်ကြီး ဦးမောင်မောင်သိမ်းက ကော်မရှင်အနေဖြင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကူညီပံ့ပိုးဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းပြောကြားကြသည်။

အမှာစကားပြော

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း အဆင့်မြင့်ချည်နှင့် အထည်ထုတ်လုပ်ရေး ညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (စက်မှု-၁)

ထို့နောက် မြန်မာ့အထည်အလိပ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာအောင်ကျော်စိုးက ရေယွန်အမျှင်နှင့် ရေယွန်ချည်ထုတ်လုပ်ပုံ အဆင့်ဆင့်၊ ရေယွန် (Rayom)ဖြင့် ပြုလုပ်သော အဝတ်အထည်၏ ဂုဏ်သတ္တိများ၊ ရေယွန်စက်ရုံတည်ဆောက်ရန် အခြေခံအချက်အလက်များ၊ ယူကလစ်ပျော့ဖတ်မှ ရေယွန်အမျှင် ထုတ်လုပ်မှုနည်းစဉ်တွင် ကုန်ကြမ်းပစ္စည်းများ အဆင့်ဆင့် အသုံးပြုပုံများနှင့် စက်ရုံတည်ဆောက်နိုင်ပါက ပြည်တွင်း ဝါဂွမ်းလိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မှုအခြေအနေများအား ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဇော်ဝင်းက ပြည်တွင်း၌ ရေယွန်အမျှင်ထုတ်လုပ်ရန် ယူကလစ်စိုက်ပျိုးနိုင်မှုနှင့် စိုက်ပျိုးနည်းပညာများ ကူညီပံ့ပိုးဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို တင်ပြဆွေးနွေးသည်။

ယင်းနောက် စီးပွားရေးလုပ်ငန်းရှင်များက အဆင့်မြင့်ချည်နှင့် အထည်များ ထုတ်လုပ်နိုင်ရေးအတွက် သိလိုသည်များကို မေးမြန်းတင်ပြကြရာ ဝန်ကြီးများက ပြန်လည်ရှင်းလင်းဖြေကြားကြပြီး ဝန်ကြီး ဦးအောင်သောင်းက နိဂုံးချုပ် အမှာစကား ပြောကြားသည်။

ထို့နောက် ဝန်ကြီးများနှင့် စီးပွားရေးလုပ်ငန်းရှင်များသည် အစည်းအဝေးခန်းမရှေ့၌ ခင်းကျင်းပြသထားသော စက်မှုကုန်ကြမ်း၊ ပြည်တွင်းပြည်ပ ဝါဂွမ်းများ၊ ပြည်တွင်း၌ အသုံးပြုလျက်ရှိသော စက်မှုကုန်ကြမ်း ဝါ၊ သစ်၊ ဂုန်လျှော်၊ ရေယွန်အမျှင် ထုတ်လုပ်နိုင်သော ကုန်ကြမ်းပစ္စည်းများ၊ ရေယွန်ချည်ဖြင့် ထုတ်လုပ်ထားသော အဝတ်အထည်များ၊ ၁၀၀ ရာခိုင်နှုန်း ပိုလီအက်စတာချည်ဖြင့် ထုတ်လုပ်ထားသော အဝတ်အထည်များ၊ ၁၀၀ ရာခိုင်နှုန်း ဝါချည်ဖြင့် ထုတ်လုပ်ထားသော အဝတ်အထည်များနှင့် မြန်မာ့အထည်အလိပ်လုပ်ငန်း ထုတ်ကုန်ပစ္စည်းများကို ကြည့်ရှုလေ့လာကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမှတ် (၁) စက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ အမှတ် (၂) စက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်း နှင့် စီးပွားရေးလုပ်ငန်းရှင်များ ခင်းကျင်းပြသထားသော အထည်အလိပ် ကုန်ကြမ်း နှင့် ကုန်ချောပစ္စည်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (စက်မှု-၁)

ဆေးနှင့် ဆေးပစ္စည်းကုန်သည်အသင်း ကိုယ်စားလှယ်အဖွဲ့ ကိုရီးယားသမ္မတနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် ဇန်နဝါရီ ၁၇

ကိုရီးယားသမ္မတနိုင်ငံ Korea Trade and Investment Promotion Agency (KOTRA) ကိုရီးယားဆေးဝါး ထုတ်လုပ်သူများအသင်း (KPICA)၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်း ကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်းမှ အတွင်းရေးမှူး ဦးဇော်မိုးခိုင် ဦးဆောင်၍ ဗဟိုအလုပ်အမှုဆောင် ဒေါက်တာဇော်ထွန်းအေး၊ အလုပ်အမှုဆောင် ဦးကျော်သိန်းဇံ၊ ဒေါက်တာခင်သီရိ၊ ဒေါက်တာသန်းသန်းနု၊ ဦးဝင်းလင်းထွန်း၊ အသင်းဝင်များဖြစ်ကြသည့် ဒေါက်တာ ခင်မောင်ဝင်း၊ ဦးတိုးလေး၊ ဒေါက်တာချိုချိုထွန်း၊ ဒေါ်သင်းသင်းဆက်၊ ဦးသန်းအောင်နှင့် ဒေါ်သဲစုအောင်တို့သည် ဇန်နဝါရီ ၉ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ကိုရီးယားသမ္မတနိုင်ငံသို့ ထွက်ခွာသွားကြရာ အသင်းမှ တွဲဖက်အတွင်းရေးမှူး ဒေါက်တာသင်းနွယ်ဝင်း၊ ဗဟိုအလုပ်အမှုဆောင် ဒေါက်တာစောမြအောင်နှင့် ဒေါက်တာအေးကျော်တို့က ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အောက်ပုံ)**

မြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်း၏ ကိုယ်စားလှယ်အဖွဲ့သည် ကိုရီးယားဆေးဝါး ထုတ်လုပ်သူများအသင်း (KPICA)နှင့် တွေ့ဆုံ၍ ကိုရီးယားသမ္မတနိုင်ငံရှိ ဆေးဝါးစက်ရုံများ၏ cGMP ဆေးဝါးထုတ်လုပ်မှု နည်းစနစ်ကျင့်စဉ်ကို လေ့လာခြင်းနှင့် Buy Korea 2011 ပြပွဲနှင့် Buyer-Seller Meeting တို့ကို တက်ရောက်ကြမည်ဖြစ်ပြီး ပြပွဲတွင် အဖွဲ့ဝင်များသည် ကိုရီးယား-မြန်မာ ဆေးဝါးကုန်သွယ်မှု မြှင့်တင်ရန် ကိုရီးယားဆေးဝါးထုတ်လုပ်သူများနှင့် ကုန်သွယ်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ MOU ငါးခုကို လက်မှတ်ရေးထိုးသွားမည်ဖြစ်ကြောင်းလည်း သိရသည်။ (ကြေးမုံ)



ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးကြည် ဒီဇင်ဘာ ၃၀ ရက်က ကျောက်တော်မြို့ ဦးအောင်ဇံဝေလမ်းတစ်လျှောက် သစ်ပင်၊ ပန်းပင်များ စိုက်ပျိုးထားရှိမှုနှင့် သာသနာ့ဗိမာန်ရှေ့ မြေယာရှုခင်းအလှများ ဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

သထုံမြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၇

သထုံမြို့နယ်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၃၀ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မဟာဝိဇယစေတီတော် ပရိဝုဏ်အတွင်းရှိ သထုံမြို့နယ်အသင်းဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ရန်ကုန်တိုင်းဒေသကြီးအတွင်း ၂၀၀၉-၂၀၁၀ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများနှင့် ဂုဏ်ထူးရရှိခဲ့ကြသော အသင်းဝင် သား၊ သမီးများသည် အမှတ်စာရင်းနှင့်တကွ ဇန်နဝါရီ ၂၀ ရက် နောက်ဆုံးထား၍ ဦးခင်မောင်ပြုံး ဖုန်း-၂၁၁၆၅၈၊ ဦးစန်းလွင် ဖုန်း-၅၇၀၉၈၆၊ ဦးတင်အောင်ညွန့် ဖုန်း-၆၄၁၆၄၆၊ ဦးမြင့်သိန်း ဖုန်း-၅၅၄၁၀၀ လိုင်းခွဲ-၂၉၃၊ ဒေါ်မြသန်း ဖုန်း-၅၃၅၅၇၇နှင့် ဒေါ်ချိုချို ဖုန်း-၅၁၀၁၇၅ တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်းနှင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သိရသည်။ (ကြေးမုံ)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၈-၁-၂၀၁၁ (အင်္ဂါနေ့)

[၁၃၇၂ ခုနှစ်၊ ပြာသိုလဆန်း(၁၄) ရက်၊ အဖိတ်နေ့]

နံနက်ပိုင်း

၇း၀၀	၁။	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	အောင်တော်မူ (စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး-ဗိုလ်ကလေးတင့်အောင်)
၇း၅၀	၅။	သံသာချိုအေးမင်္ဂလာတေး
၈း၀၀	၆။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၈း၁၀	၇။	နှောင်းခေတ်တေးပဒေသာ
၈း၂၀	၈။	"အိုးပိုင်အိမ်ပိုင်"
၈း၄၀	၉။	International News
၈း၄၅	၁၀။	တေးဂီတအစီအစဉ်
၉း၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။	တေးဂီတအစီအစဉ်
၄း၂၀	၃။	အကပြိုင်ပွဲ
၄း၃၅	၄။	"လူကူးမျဉ်းကျားမှကူးမယ်" (A)
၄း၄၀	၅။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ -ဒုတိယနှစ် (စီးပွားရေးပညာအထူးပြု) (စီးပွားရေးပညာ)
၄း၅၅	၆။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅း၀၀	၇။	ကြေးမုံရိပ်သွင်တေးနှုယဉ်
၅း၁၅	၈။	ရင်မှာစွဲထင်တေးအလှသံစဉ်
၅း၃၀	၉။	"ကြယ်စင်ဥယျာဉ်"
၆း၀၀	၁၀။	ညနေခင်းသတင်း
၆း၁၅	၁၁။	မိုးလေဝသအခြေအနေ
၆း၂၀	၁၂။	ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆း၄၀	၁၃။	ဆိုလိုက်ကြစို့
၇း၁၀	၁၄။	**နိုင်ငံခြားဇာတ်လမ်းတွဲ "မေ့မေတ္တာ" (ဒုတိယတွဲ) (အပိုင်း-၂)**
၈း၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	ရယ်စရာဟာသများ
	၁၉။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ရေသူမလေးနောက်ဆုံးချစ်ပုံပြင်" (ပထမပိုင်း)(အပိုင်း-၂၅)**
	၂၀။	"ရုပ်ရှင်ပဟေဠိ"
	၂၁။	အစီအစဉ်ပြီး၏။

CEO စီးပွားရေးနှင့် စီမံခန့်ခွဲမှုမဂ္ဂဇင်းက Seminar ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၇

CEO စီးပွားရေးနှင့် စီမံခန့်ခွဲမှုမဂ္ဂဇင်းက ကြီးမှူးကျင်းပမည့် 'ရှေးမြန်မာသူရဲကောင်းများ၏ ခေါင်းဆောင်မှုပုံစံများ' ခေါင်းစဉ်ဖြင့် ဟောပြောပွဲကို ရန်ကုန်မြို့ Chatrium Hotel ၌ ဇန်နဝါရီ ၂၂ ရက်တွင် ကျင်းပမည်ဖြစ်ပြီး ဦးကျော်ကျော်လှိုင် (Smart Technical Service)က ဟောပြောမည်ဖြစ်သည်။ တက်ရောက်လိုသူများ ဖုန်း-၀၁-၅၀၇၇၉၉၁၊ ၅၀၇၇၉၂၊ ၅၀၇၉၈၅၊ ၇၃၁၀၉၈၁၃ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုများ ဖယ်ရှားရန် အာဆီယံတိုက်တွန်း

လွန်းဘော့ခ် ဇန်နဝါရီ ၁၇

အမေရိကန်ပြည်ထောင်စုနှင့် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက မြန်မာနိုင်ငံအပေါ် ချမှတ်ထားသော စီးပွားရေးပိတ်ဆို့မှုများကို ပြန်လည်ရုပ်သိမ်းရန်အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)က ယနေ့ တောင်းဆိုလိုက်သည်။ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ နှစ်ရက်ကြာ အလွတ်သဘောတွေ့ဆုံဆွေးနွေးပွဲစတင်သည့် ပထမဆုံးနေ့တွင် အဆိုပါ တောင်းဆိုချက် ပေါ်ထွက်လာခြင်းဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံ လွန်းဘော့ခ်ကျွန်း၌ ကျင်းပသော အစည်းအဝေးဖွင့်ပွဲမတိုင်မီ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများကို တွေ့ရစဉ်။

မြန်မာနိုင်ငံအပေါ် အနောက်နိုင်ငံများက ချမှတ်ထားသော ပိတ်ဆို့မှုများကို ပယ်ဖျက်ရန် အာဆီယံအဖွဲ့က ဆန္ဒရှိကြောင်း ၂၀၁၁ခုနှစ်အတွင်း အာဆီယံအဖွဲ့ဥက္ကဋ္ဌ တာဝန်ထမ်းဆောင်ရမည့် အင်ဒိုနီးရှားနိုင်ငံက ပြောကြားခဲ့သည်။

၂၀၁၀ ခုနှစ် နိုဝင်ဘာလ၌ ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲအပါအဝင် မြန်မာနိုင်ငံ၌ ဖြစ်ပေါ်ခဲ့သော နိုင်ငံရေးတိုးတက်ပြောင်းလဲမှုများကို နိုင်ငံတကာက အပြုသဘောဆောင်သည့်အမြင်ဖြင့် တုံ့ပြန်သင့်ကြောင်း အင်ဒိုနီးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး နာတာလီဝါဂါက အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အလွတ်သဘော တွေ့ဆုံပွဲ၌ ပြောကြားသည်။

မြန်မာနိုင်ငံအပေါ် ချမှတ်ထားသည့် အရေးယူပိတ်ဆို့မှုများကို မဆိုင်းမတွ ဖယ်ရှားရန် အာဆီယံအဖွဲ့က ထောက်ခံကြောင်း အင်ဒိုနီးရှားနိုင်ငံ လွန်းဘော့ခ်ကျွန်း၌ ကျင်းပသော အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတွင် နာတာလီဝါဂါက ပြောကြားသည်။

မြန်မာနိုင်ငံနှင့် ပိုမိုပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အိန္ဒိယနိုင်ငံနှင့် ကုန်သွယ်မှု ပိုမိုတိုးမြှင့်ရေး၊ စွမ်းအင်ကဏ္ဍပိုမို တိုးတက်ရေးနှင့် ခရီးသွားလုပ်ငန်းများ ဒေသတွင်းပိုမိုမြှင့်တင်နိုင်ရန် အာဆီယံက မျှော်လင့်ထားသည်။

အာဆီယံအဖွဲ့တွင် ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်း၊ မလေးရှားနှင့် ဗီယက်နမ်နိုင်ငံများပါဝင်ပြီး မြန်မာနိုင်ငံသည် ၁၉၉၇ ခုနှစ်တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံ ဖြစ်လာခဲ့သည်။

အမ်အင်အေ၊ ရိုက်တာ။



ကမ္ဘာ့အနက်ရှိုင်းဆုံး သမုဒ္ဒရာချောက် လျှို့ဝှက်ချက် သုတေသီများ လေ့လာဖော်ထုတ်

လန်ဒန် ဇန်နဝါရီ ၁၇

အနောက်ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ ကမ္ဘာ့အနက်ရှိုင်းဆုံး ရေအောက်ကမ္ဘာဖြစ်သော မာရီယာနာချောက်၏ ရာသီဥတုဆိုင်ရာ လျှို့ဝှက်ချက်များကို သိပ္ပံပညာရှင်များက ဖော်ထုတ်ခဲ့ကြောင်း ဇန်နဝါရီ ၁၇ ရက်သတင်းများတွင် ဖော်ပြသည်။

မာရီယာနာချောက်သည် ရေအောက်အနက်ပေ ၁၀ ဒသမ ၉ ကီလိုမီတာနက်သော ကမ္ဘာ့အနက်ရှိုင်းဆုံး ရေအောက်ကမ္ဘာဖြစ်သည်။

သိပ္ပံပညာရှင်များ၏ အစောပိုင်းလေ့လာမှုများအရ ကမ္ဘာ့သမုဒ္ဒရာချောက်များထဲ၌ ကာဗွန်ဒြပ်စင်များ ပျော်ဝင်လျက်ရှိကြောင်း သိရသည်။

မာရီယာနာသမုဒ္ဒရာချောက်၏ အနက်ရှိုင်းဆုံးနေရာသို့ စွန့်ဦးရှာဖွေသူနှစ်ဦးဖြစ်သူ ဂျက်ကေးပစ်ကပ်ဒ်နှင့် ဒွန်ဝေးရှ်တို့နှစ်ဦး ၁၉၆၀ ခုနှစ်က ရောက်ရှိခဲ့ပြီး ထိုကာလမှစ၍ မာရီယာနာချောက်ကို လူသားများ သက်ဆင်းလေ့လာနိုင်ခဲ့ခြင်းမရှိပေ။

ဂျပန်၊ ဗြိတိန်နှင့် ဂျာမနီနိုင်ငံတို့မှ သိပ္ပံပညာရှင်များ ပါဝင်သောအဖွဲ့သည် မာရီယာနာချောက်ကို လေ့လာရန် လူမဲ့ရေငုပ်ယာဉ်တစ်စင်းကို အသုံးပြုခဲ့ကြသည်။ အဆိုပါ ရေငုပ်ယာဉ်သည် ကမ္ဘာ့အနက်ရှိုင်းဆုံး သမုဒ္ဒရာချောက်၏ ကြမ်းပြင်ထိ ရောက်ရှိရန် သုံးနာရီအချိန်ယူ၍ အလွတ်ကျဆင်းခဲ့ရသည်။

အင်တာနက်။

မျိုးသုဉ်းပျောက်ကွယ်ခဲ့သော ရှေးခေတ်သတ္တဝါများကို ပြန်လည်အသက်သွင်းဖန်တီးရန် သုတေသနပညာရှင်များ ရည်ရွယ်

တိုကျို ဇန်နဝါရီ ၁၇

မျိုးသုဉ်းပျောက်ကွယ်ခဲ့ပြီဖြစ်သော ရှေးခေတ်အမွေးထူဆင်ကြီးမျိုးကို ပုံတူမျိုးပွားနည်းပညာသုံး၍ လာမည့်ငါးနှစ်အတွင်း ပြန်လည်အသက်သွင်းဖန်တီးမည့် စီမံချက်တစ်ရပ်ကို ဂျပန်သုတေသနပညာရှင်များက ယခုနှစ်အတွင်း စတင်မည်ဖြစ်ကြောင်း ဇန်နဝါရီ ၁၇ ရက် သတင်းတစ်ရပ်တွင် ဖော်ပြသည်။

ရုရှားသုတေသနဓာတ်ခွဲခန်းတစ်ခု၌ ထိန်းသိမ်းထားသော ရှေးခေတ်အမွေးထူဆင်ကြီး၏ ရုပ်ကြွင်းမှ တစ်သျှုးများကို ယခုနှစ် နွေရာသီ၌ရယူကာ ယင်းဆင်မျိုးစိတ်ကို ဂျပန်သုတေသနပညာရှင်များက ပြန်လည်အသက်သွင်းဖန်တီးမည်ဖြစ်ကြောင်း ဂျပန်နိုင်ငံ၌ ထုတ်ဝေနေသည့် ယိုမီယူရီရှင်ဘွန်းသတင်းစာတွင် ဖော်ပြထားသည်။

ရှေးခေတ်အမွေးထူဆင်မျိုးစိတ်ကို ပြန်လည်ဖန်တီးနိုင်ရေး ရည်မှန်းချက်အောင်မြင်ရန်အတွက် ကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်ထားပြီးဖြစ်ကြောင်း သုတေသနအဖွဲ့ခေါင်းဆောင် တိုကျိုတက္ကသိုလ် ဂုဏ်ထူးဆောင်ပါမောက္ခ အကီရာအီရီတာနီက ယိုမီယူရီရှင်ဘွန်းသတင်းစာသို့ ပြောကြားသည်။

ဂျပန်သုတေသနပညာရှင်များ၏ စီမံကိန်းအရ အမွေးထူဆင်မျိုးမှရရှိသော ဆဲလ်၏ နျူကလီးယပ်စ်ကို ယနေ့ခေတ်ဆင်တစ်ကောင်၏ သားဥအိမ်ဆဲလ်အတွင်း ထည့်သွင်းမည်ဖြစ်သည်။ ယင်းသို့ထည့်သွင်းခြင်းဖြင့် နျူကလီးယပ်စ်ကို အမွေးထူဆင်မျိုး၏ မျိုးရိုးဗီဇများပါဝင်သောသန္ဓေအဖြစ် ပြောင်းလဲနိုင်မည်ဖြစ်သည်။

အမွေးထူဆင်မျိုးများသည် လွန်ခဲ့သော နှစ်ပေါင်း ၆၅ သန်းခန့်က မျိုးသုဉ်းပျောက်ကွယ်ခဲ့ရသော်လည်း ပုံတူမျိုးပွားနည်းပညာဖြင့် ၎င်းတို့ကို ပြန်လည်အသက်သွင်းနိုင်ရေးအတွက် အသုံးပြု၍ ရကောင်းသော တစ်သျှုးနမူနာများ ကျန်ရှိဆဲ ဖြစ်သည်။

အမွေးထူဆင်မျိုးများကို ပြန်လည်ဖန်တီးနိုင်ရေး စီမံချက်အတွက် ဂျပန်သုတေသီအဖွဲ့သည် ရုရှားနှင့် အမေရိကန်တို့မှ ကျွမ်းကျင်သူများကို ခေါ်ယူအားဖြည့်ထားကြောင်း သတင်းတွင် ဖော်ပြထားသည်။

အေအက်ဖ်ပီ။

အီရန်နိုင်ငံတောင်ပိုင်းရှိ ဘတ်ရှား၏နျူကလီးယားစွမ်းအင်ထုတ် စက်ရုံ။

အီရန်နျူစက်ရုံများလည်ပတ်မှုကို နှောင့်ယှက်သည့် ကွန်ပျူတာဗိုင်းရပ်စ် အစ္စရေးစမ်းသပ်ခဲ့

တီဟီရန် ဇန်နဝါရီ ၁၇

အီရန်နိုင်ငံ၏ နျူကလီးယား အစီအစဉ်များလည်ပတ်မှု အရှိန်အဟုန်နှင့် နျူလက်နက်ထုတ်လုပ်ရေး စွမ်းဆောင်ရည်ကို ကြားဝင်နှောင့်ယှက်ခဲ့သည်ဟု ယုံကြည်ရသည့် ကွန်ပျူတာဗိုင်းရပ်စ်များကို အစ္စရေးနိုင်ငံက စမ်းသပ်ခဲ့ကြောင်း နယူးယောက်တိုင်းမ်သတင်းစာက ဇန်နဝါရီ ၁၅ ရက်တွင် ဖော်ပြသည်။

အဆိုပါ ကွန်ပျူတာဗိုင်းရပ်စ်စမ်းသပ်မှုကို အီရန်နိုင်ငံ၏ နျူကလီးယားရည်မှန်းချက်များကို တားဆီးရန် အစ္စရေးနှင့် အမေရိကန်နိုင်ငံတို့က ပူးပေါင်းလုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း နယူးယောက်တိုင်းမ်သတင်းစာတွင် ရေးသားဖော်ပြသည်။

ကွန်ပျူတာစနစ်များကို နှောင့်ယှက်ဖျက်ဆီးနိုင်စွမ်းရှိသည့် စတပ်စ်နက်ခေါ် ကွန်ပျူတာဗိုင်းရပ်စ် စမ်းသပ်မှုကို အစ္စရေးနိုင်ငံ နာဂျက်ဗ်သဲကန္တာရအတွင်းရှိ လုံခြုံရေးတင်းကျပ်သော ဒီမိုနာနျူကလီးယားဓာတ်ပေါင်းဖို၌ ပြုလုပ်ခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။

အစ္စရေးနိုင်ငံက ဒီမိုနာဒေသ၌ အီရန်၏ နေတန့်ဇ်ယူရေနီယံသန့်စင်စက်ရုံ၏ လည်ပတ်မှုစနစ်ကို ပုံစံတူတည်ဆောက်ထားကြောင်း အမည်မဖော်လိုသူ ထောက်လှမ်းရေးနှင့် စစ်ရေးကျွမ်းကျင်သူတို့၏ အဆိုကို ကိုးကား၍ နယူးယောက်တိုင်းမ်က ဖော်ပြခဲ့ခြင်းဖြစ်သည်။ ကွန်ပျူတာဗိုင်းရပ်စ်၏ ထိရောက်မှုကို လေ့လာနိုင်ရန် ၎င်းဖျက်ဆီးရမည့် စက်ကိရိယာနှင့် ပတ်သက်၍ သိရှိနားလည်ရန် လိုအပ်ကြောင်း အမေရိကန်ကျွမ်းကျင်သူတစ်ဦးက နယူးယောက်တိုင်းမ်သို့ ပြောကြားခဲ့သည်။

စတပ်စ်နက်ကွန်ပျူတာ ဗိုင်းရပ်စ်၏ တိုက်ခိုက်မှု ထိရောက်ခဲ့ခြင်းသည် အစ္စရေးနိုင်ငံက နေတန့်ဇ်ယူရေနီယံ သန့်စင်စက်ရုံ၏ လည်ပတ်မှုစနစ်ကို သိရှိခဲ့ခြင်းကြောင့်ဖြစ်ကြောင်း ၎င်းကဆိုသည်။

အမ်အင်အေ၊ ရိုက်တာ။

နျူနည်းပညာများ ဝယ်ယူရန် အီရန်ကြိုးပမ်းနေဆဲဟုဆို

အော့စလို ဇန်နဝါရီ ၁၇

နိုင်ငံတကာ၏ တင်းကျပ်သောအရေးယူမှုများ ရှိနေသော်လည်း အီရန်နိုင်ငံသည် ၎င်း၏ အငြင်းပွားဖွယ် နျူကလီးယား အစီအစဉ်ကို ဆက်လက်ဆောင်ရွက်ရန် ကုမ္ပဏီပေါင်း ၃၅၀ ကျော်နှင့် ဆက်သွယ်၍ နျူကလီးယား နည်းပညာများဝယ်ယူရန် ကြိုးပမ်းခဲ့ကြောင်း နော်ဝေနိုင်ငံထုတ် အက်ဖ်တန်ပို့တန် သတင်းစာက တနင်္ဂနွေနေ့တွင် ဖော်ပြသည်။

အီရန်နိုင်ငံသည် ၎င်း၏နျူကလီးယားဓာတ်ပေါင်းဖိုများ လည်ပတ်နိုင်ရေးအတွက် လိုအပ်သည့် ယူရေနီယံ၊ ကွန်ပျူတာနှင့် ထိန်းချုပ်မှုနည်းစနစ်များကို ဝယ်ယူရန် ၂၀၀၈ ခုနှစ်မှ ၂၀၀၉ ခုနှစ်အတွင်း ကြိမ်ဖန်များစွာ ကြိုးပမ်းခဲ့ကြောင်း ဝီကီလိခ်စ်က ဖော်ထုတ်ခဲ့သည့် အမေရိကန်သံတမန် လျှို့ဝှက်မှတ်တမ်းမှတ်ရာများကို ကိုးကား၍ အက်ဖ်တန်ပို့စ်တန်သတင်းစာက ဖော်ပြခဲ့ခြင်းဖြစ်သည်။

အီရန်သည် ၎င်း၏ ဒုံးကျည်လက်နက်များကို အဆင့်တိုးမြှင့်နိုင်ရန် စက်ကိရိယာများနှင့် လိုအပ်သော ကုန်ကြမ်းများ ဝယ်ယူရန်လည်း ကြိုးစားခဲ့ကြောင်း ယင်းသတင်းစာက ဆိုသည်။

အင်တာနက်။

မွေးကင်းစကလေး သတ်ဖြတ်စွန့်ပစ်မှု ပါကစ္စတန်နိုင်ငံ၌ မြင့်မားလာ

ကရာချိ ဇန်နဝါရီ ၁၇ - ပါကစ္စတန်နိုင်ငံ၌ မွေးကင်းစကလေးများကို သတ်ဖြတ်စွန့်ပစ်မှုနှုန်း ပိုမိုမြင့်တက်လာကြောင်း ပရဟိတအဖွဲ့အစည်းတစ်ရပ်၏ လေ့လာချက်ကို ကိုးကား၍ ယနေ့သတင်းများတွင် ဖော်ပြသည်။

ရှေးရိုးစွဲ ဘာသာရေးဝါဒီများကြီးစိုးရာ ပါကစ္စတန်နိုင်ငံတွင် လင်စုံမယားဖက် ထိမ်းမြားခြင်းမရှိဘဲ ကလေးမွေးဖွားမှုကို အပြင်းအထန်ရှုတ်ချလေ့ရှိသည်။ အစ္စလာမ့်တရားဥပဒေအရ ကိုယ်ဝန်ဖျက်ချမှုသည် သေဒဏ်အထိချမှတ်နိုင်သည့် ရာဇဝတ်မှုဖြစ်သည်။ သို့ရာတွင် ပါကစ္စတန်နိုင်ငံ၌ ကိုယ်ဝန်ဖျက်ချမှုနှင့် မွေးကင်းစကလေးများ သတ်ဖြတ်စွန့်ပစ်မှုဆိုင်ရာ ရာဇဝတ်မှုများသည် ပိုမိုမြင့်တက်လာကြောင်း သတင်းများတွင် ဖော်ပြထားသည်။

ပရဟိတအဖွဲ့အစည်းတစ်ခု၏ ခန့်မှန်းချက်အရ ၂၀၁၀ ခုနှစ်အတွင်း ပါကစ္စတန်နိုင်ငံ၌ မိန်းကလေး အများစုပါဝင်သော မွေးကင်းစကလေးများကို သတ်ဖြတ်မှုနှင့် စွန့်ပစ်မှု ၁၀၀၀ ကျော်ဖြစ်ပွားခဲ့ကြောင်း သိရသည်။ ကိုယ်ဝန်ဖျက်ချမှုနှင့် မွေးကင်းစကလေးများ သတ်ဖြတ်စွန့်ပစ်မှုနှုန်းကို ပါကစ္စတန်နိုင်ငံ၏ လူနေထူထပ်သော အဓိကမြို့ကြီးများ၌သာ စုဆောင်းကောက်ခံနိုင်ခဲ့ခြင်း ဖြစ်သည်။ အက်ဒ်ဒီဖောင်ဒေးရှင်းခေါ် ပရဟိတအဖွဲ့၏ အဆိုအရ ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလ တစ်လတည်း=တွင် ပါကစ္စတန်မြို့ကြီးများ၏ အမှိုက်ပုံနှင့် ရေဆိုးစွန့်ထုတ်ရာနေရာများ၌ သတ်ဖြတ်စွန့်ပစ်ခံခဲ့ရသော မွေးကင်းစက လေး ၄၀ ကို တွေ့ရှိခဲ့ကြောင်း သိရသည်။

၂၀၁၀ ခုနှစ်၌ ပါကစ္စတန်နိုင်ငံ၌ မွေးကင်းစကလေးသတ်ဖြတ်စွန့်ပစ်မှု ၁၂၁၀ ရှိခဲ့ပြီး ၂၀၀၈ ခုနှစ်တွင် ၈၉၀ မှုနှင့် ၂၀၀၉ ခုနှစ်တွင် ၉၉၉ မှုရှိခဲ့ကြောင်း သိရသည်။

အင်တာနက်။

ဝန်ကြီး ဦးဇော်မင်းအား တရုတ်ဧည့်သည်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၁၇

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ Union Resources & Engineering Co.,Ltd.(UREC) မှ Chairman of the Board Mr. Feng Ke နှင့် China Gezhouba Water & Power Co., Ltd. မှ General Manager, Mr. Zhu Dongru နှင့်အဖွဲ့တို့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ထိုသို့ တွေ့ဆုံရာတွင် ဒုတိယဝန်ကြီး ဦးမျိုးမြင့်နှင့် ဌာနဆိုင်ရာ အကြီးအကဲများလည်း တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ Union Resources & Engineering Co.,Ltd.(UREC) မှ Chairman of the Board Mr.Feng Ke နှင့် China Gezhouba Water & Power Co.,Ltd. မှ General Manager, Mr.Zhu Dongru နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ဝန်ကြီး ဦးလှထွန်းအား 2010 Article IV Consultation Mission အဖွဲ့ လာရောက်တွေ့ဆုံ

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်းအား 2010 Article IV Consultation Mission မှ အဖွဲ့ခေါင်းဆောင် Ms.Meral Karasulu နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၁၇

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်းအား 2010 Article IV Consultation Mission မှ အဖွဲ့ခေါင်းဆောင် Ms. Meral Karasulu နှင့်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး ဘဏ္ဍာရေးနှင့် ငွေရေးကြေးရေး ဆိုင်ရာကိစ္စရပ်များကို အကျယ်တဝင့် ဆွေးနွေးကြသည်။

ယင်းသို့ တွေ့ဆုံရာတွင် ဒုတိယဝန်ကြီး ဦးလှသိန်းဆွေ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၈-၁-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၇း၀၄ ၃။ နိုင်ငံတော်သီချင်း
- ၇း၀၅ ၄။ တရားတော်
- ၇း၁၅ ၅။ ဓမ္မပူဇာတေး
- ၇း၂၀ ၆။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၇။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၃။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၄။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၄း၀၄ ၃။ နိုင်ငံတော်သီချင်း
- ၄း၀၅ ၄။ အဖွင့်သီချင်း
- ၄း၁၀ ၅။ အလွမ်းတေးပန်းချီ ချစ်သူဆီ
- ၄း၂၀ ၆။ အင်္ဂလိပ်စာသုတ
- ၄း၂၅ ၇။ မျိုးချစ်တပ်မတော်
- ၄း၃၅ ၈။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၄း၅၅ ၉။ သတိနှင့်တိုးမည့် ပိုးဖလံများ
- ၅း၁၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၄၀ ၁၁။ **ရသစုံလင်ရုပ်မြင် ဇာတ်လမ်း -သက်တော်စောင့် အပိုင်း (၈)**
- ၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၃။ အမျိုးသားရေးတေးကဗျာ
- ၆း၂၀ ၁၄။ သူတို့နှင့်သူတို့အကြိုက်
- ၆း၃၀ ၁၅။ အောင်မြင်ခြင်းလမ်းမ
- ၇း၀၀ ၁၆။ **ရသစုံလင်ရုပ်မြင် ဇာတ်လမ်း -ကြယ်စင်ညီအစ်မများ (အပိုင်း-၄၇)**
- ၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ နိုင်ငံတကာသတင်း
- ၂၀။ မိုးလေဝသသတင်း
- ၂၁။ ဟာသရုပ်စုံ
- ၂၂။ လျှပ်တစ်ပြက်ရိုက်ချက်
- ၂၃။ တစ်လအတွင်းအကြိုက်ဆုံး ဗွီစီဒီတေးများ
- ၂၄။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၅။ **ရသစုံလင်ရုပ်မြင် ဇာတ်လမ်း -အပြုံးပန်းလေးရဲ့ ဖန်ဆင်းရှင် (အပိုင်း-၄၇)**
- ၂၆။ **Mini Series**
- ၂၇။ သင့်အတွက်မနက်ဖြန်
- ၂၈။ အပိတ်နှုတ်ဆက်စကား
- ၂၉။ ပြီးပါပြီ။

ကြက်ငှက်တုပ်ကွေးရောဂါဆိုင်ရာ သတိပေးနှိုးဆော်ချက်

နေပြည်တော် ဇန်နဝါရီ ၁၇

၁။ ကမ္ဘာတစ်ဝန်း ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှု

(က) **တိရစ္ဆာန်တွင် ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားမှု။** ၂၀၀၃ ခုနှစ်မှ ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၁၃ ရက်အထိ ကြက်ငှက်တုပ်ကွေး ရောဂါဖြစ်ပွားသော နိုင်ငံပေါင်း ၆၃ နိုင်ငံရှိပြီး ၂၀၁၁ ခုနှစ် ဇန်နဝါရီလအတွင်း အီဂျစ်နိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့၌ ကြက်ငှက်တုပ်ကွေး ရောဂါဖြစ်ပွားကြောင်း သိရှိရသည်။

(ခ) **လူသို့ ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားမှု။** ၂၀၀၃ ခုနှစ်မှ ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၁၃ ရက်အထိ နိုင်ငံ ၁၅ နိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါ လူသို့ကူးစက်မှု ၅၁၇ ဦးရှိပြီး ၃၀၆ ဦး သေဆုံးကြောင်း သိရှိရသည်။

၂။ မြန်မာနိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှု။ မြန်မာနိုင်ငံတွင် ၂၀၀၆ ခုနှစ်မှ ၂၀၁၀ ခုနှစ်အတွင်း ကြက်ငှက်တုပ်ကွေးရောဂါ လေးကြိမ်ဖြစ်ပွားခဲ့သည်။ ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၁၂ ရက်တွင် ရခိုင်ပြည်နယ် စစ်တွေမြို့နယ် ဘုမေကျေးရွာအုပ်စု ဘုမေလက်သမားကျေးရွာရှိ ဥစားကြက်မွေးမြူရေးခြံတစ်ခြံတွင် ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားသဖြင့် ရောဂါထိန်းချုပ်ရေး နည်းလမ်းများနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

၃။ ရောဂါကာကွယ်ထိန်းချုပ်ရေး။ အောက်ပါအချက်များကို လိုက်နာပူးပေါင်းဆောင်ရွက်ကြပါရန် နှိုးဆော်အပ်ပါသည်-

(က) ကြက်ငှက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံရေးကို အလေးထားဆောင်ရွက်ရန်၊

(ခ) မွေးမြူရေးခြံလုပ်သားများ လက်အိတ်၊ နှာခေါင်းစည်း ဝတ်ဆင်ရန်နှင့် တစ်ကိုယ်ရေသန့်ရှင်းရေး ဂရုပြုဆောင်ရွက်ရန်၊

(ဂ) ကြက်ငှက်အသေများကို စားသုံးခြင်း၊ ရောင်းချခြင်း၊ စည်းကမ်းမဲ့ စွန့်ပစ်ခြင်းမပြုဘဲ စနစ်တကျ မြေမြှုပ်ဖျက်ဆီးရန်၊

(ဃ) ကြက်ငှက်များ သံသယဖြစ်ဖွယ် သေဆုံးကြောင်းသိရှိပါက နီးစပ်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်း၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့သို့ ချက်ချင်းသတင်းပို့ရန်၊

(င) ကြက်ငှက်အသား၊ ဥတို့ကို ကျက်အောင်ချက်ပြုတ်စားသုံးရန်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန

❀ **ကျောဖုံးမှ**

အာခေါင်ကင်ဆာ(သို့) ဦးခေါင်းနှင့် လည်ချောင်းရှိ အကျိတ်အခဲများ ခွဲစိတ်ကုသရာတွင် ကြီးမားသော ခွဲစိတ်ဖြတ်တောက်မှုလုပ်ဆောင်ရသဖြင့် အစားအသောက် ဝါးမျိုနိုင်စွမ်းနှင့် စကားပြောဆိုနိုင်စွမ်းများ ပျက်ပြားစေနိုင်ကြောင်း၊ ထို့အတူ သမားရိုးကျခွဲစိတ်ကုသမှုနှင့် ဓာတ်ကင်မှုများကလည်း သွေးဆုံးရှုံးမှုများပြီး အနီးအနားရှိ တစ်သျှူးများပျက်စီးစေနိုင်ကြောင်း အဆိုပါ ဆရာဝန်များက ဆိုသည်။

စက်ရုပ်ဖြင့် ခွဲစိတ်ကုသမှုတွင် ခွဲစိတ်ဆရာဝန်များက ရှည်လျားသေးသွယ်သော စက်ရုပ်လက်များကို အသုံးပြုကာ အာခေါင်နှင့် လည်ချောင်းအတွင်း လိုအပ်သလို အတိုးအလျှော့၊ အရွေ့အပြောင်းပြုလုပ်နိုင်သည့်အပြင် ခွဲစိတ်မည့် ကင်ဆာအကျိတ်အခဲလုံးကိုလည်း ပို၍ထင်ရှားစွာမြင်နိုင်ကြောင်း ဟင်နရီဖို့ဒ်ဆေးရုံမှ ဒေါက်တာတမာဂါနမ်က ပြောသည်။

မီချီဂန်တက္ကသိုလ်မှ ဆေးဘက်ဆိုင်ရာပညာရှင်များသည် စက်ရုပ်ဖြင့် ခွဲစိတ်ကုသမှုနှင့် သမားရိုးကျဓာတ်ကင်မှုများ၏ အားနည်းချက်နှင့် အားသာချက်များကို ဆက်လက်လေ့လာသုံးသပ်နေကြဆဲ ဖြစ်ကြောင်း သိရသည်။ ***အင်တာနက်။***

သမိုင်းအထူးပြုကျောင်းသား၊ ကျောင်းသူများ အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၇

တက္ကသိုလ်ပေါင်းစုံ သမိုင်းအထူးပြုကျောင်းသား၊ ကျောင်းသူများ၏ (၁၂) ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၃၀ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် တက္ကသိုလ်များဓမ္မာရုံတွင် ကျင်းပမည်ဖြစ်ပြီး မိတ်ဆုံညစာစားပွဲကို M3 Food Centre ၌ ယင်းနေ့ညနေ ၆ နာရီ၌ ကျင်းပမည်ဖြစ်ရာ ဒေါက်တာ မာဂရက်ဝေါင်း ဖုန်း-၀၉-၅၁၃၃၁၇၈၊ ဒေါက်တာ ခင်စောနွဲ့ ဖုန်း-၀၉-၅၁၃၂၄၈၈၊ ဦးမောင်မောင်ကြွယ် ဖုန်း-၆၆၆၇၀၅၊ ဒေါက်တာ စုစုမြိုင် ဖုန်း-၀၉-၅၁၈၁၈၅၈၊ ဒေါက်တာ ခင်သိန်းဝင်း ဖုန်း-၅၁၂၂၈၆၊ ဒေါက်တာ စန္ဒာနိုင် ဖုန်း-၀၉-၅၀၀၀၉၂၅၊ ဒေါက်တာ စုစုနိုင် ဖုန်း-၀၉-၅၁၉၃၀၀၂၊ ဒေါက်တာ ဇော်စိုးမင်း ဖုန်း-၀၉-၅၁၃၇၅၅၄၊ ဦးညဏ်ဝင်း ဖုန်း-၂၀၃၁၅၄၊ ဦးဝင်းနိုင် ဖုန်း-၅၅၂၃၆၅၊ ဦးနန်းအောင် ဖုန်း-၅၇၉၈၃၈၊ ဦးဝင်းကြွယ် ဖုန်း-၀၉-၈၅၃၇၀၉၂၊ ဦးအောင်ကျော်မင်း ဖုန်း-၀၉-၅၀၇၀၂၆၂၊ ဒေါ်စိန်ကျင် ဖုန်း-၀၉-၅၁၀၆၀၉၁၊ ဦးမျိုးလွင် ဖုန်း-၀၉-၅၁၃၃၅၅၊ ဦးကျော်ထွန်း ဖုန်း-၀၉-၅၁၆၁၂၂၀၊ ဦးကိုကိုနိုင် ဖုန်း-၀၉-၅၀၁၉၄၈၈၊ ဦးလင်းမြင့် ဖုန်း-၀၉-၅၀၀၃၅၀၄၊ ကိုပေါ်ဦး ဖုန်း-၀၉-၅၁၇၇၀၄၉၊ ဦးမျိုးမြင့် ဖုန်း-၀၉-၅၀၂၅၁၁၆၊ ကိုကျော်မျိုးထွန်း ဖုန်း-၀၉-၅၀၀၈၅၄၄ နှင့် ကိုမင်းထွဋ် ဖုန်း-၀၉-၈၀၃၀၇၈၅ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ရမ်းဗြဲမြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဇန်နဝါရီ ၁၇

ရမ်းဗြဲမြို့နယ်အသင်း(ရန်ကုန်)၏ (၂၄)ကြိမ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကို ဇန်နဝါရီ ၃၀ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီခွဲတွင် ဗဟန်းမြို့နယ် ရွှေတိဂုံဘုရား အရှေ့ဘက်မုခ်ရှိ ရခိုင်ပြည်နယ် ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။ အစည်းအဝေးတွင် အသက်(၇၅)နှစ်နှင့်အထက် သက်ကြီးပုဂ္ဂိုလ်များအား ပူဇော်ကန်တော့ခြင်း၊ ပညာရည်ချွန်ဆုချီးမြှင့်ခြင်း၊ အမှုဆောင်သစ်ရွေးချယ်တင်မြှောက်ခြင်းတို့ကို ပြုလုပ်မည်ဖြစ်ပါ၍ အသင်းဝင်များနှင့် ရမ်းဗြဲမြို့နယ်သူ၊ မြို့နယ်သားများသည် ဖိတ်စာရသည်ဖြစ်စေ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲအတွက် အလှူငွေ ထည့်ဝင်လိုသူများသည်လည်းကောင်း၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲအတွက် အမည်စာရင်းပေးသွင်းလိုသူများသည်လည်းကောင်း လိုအပ်သည့် အထောက်အထားများနှင့်အတူ အသင်းဥက္ကဋ္ဌ ဦးချမ်းမောင် ဖုန်း-၅၂၁၂၅၃၊ အတွင်းရေးမှူး ဦးအောင်ကျော်ဦး ဖုန်း-၀၉-၅၀၁၄၂၆၄၊ တွဲဖက်အတွင်းရေးမှူး ဦးထွန်းကြည် ဖုန်း-၇၀၀၅၉၄၊ ဘဏ္ဍာရေးမှူး ဒေါ်မြတင် ဖုန်း-၂၅၄၂၁၀ တို့နှင့် နီးစပ်ရာ အမှုဆောင်များထံ စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။

(ကြေးမုံ)

ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှုနှင့် စပ်လျဉ်း၍ သတင်းထုတ်ပြန်

နေပြည်တော် ဇန်နဝါရီ ၁၇

၁။ ကြက်သေဆုံးမှု။ ရခိုင်ပြည်နယ် စစ်တွေမြို့နယ် ဘုမေကျေးရွာအုပ်စု ဘုမေလက်သမားကျေးရွာတွင် မွေးမြူထားသော ဥစားကြက်အချို့ သံသယဖြစ်ဖွယ်သေဆုံးကြောင်း သတင်းရရှိသဖြင့် ရခိုင်ပြည်နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ဇန်နဝါရီ ၁၂ ရက်၌ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

၂။ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှုအတည်ပြုခြင်း။ ဓာတ်ခွဲနမူနာပစ္စည်းများကို ရန်ကုန်တိရစ္ဆာန်ရောဂါရှာဖွေရေး ဓာတ်ခွဲခန်းတွင် စစ်ဆေးရာ အပြင်းစားကြက်ငှက်တုပ်ကွေးရောဂါ (Highly Pathogenic Avian Influenza-HPAI) ဖြစ်ကြောင်း တွေ့ရှိရသည်။

၃။ အရေးယူဆောင်ရွက်ချက်။ အပြင်းစားကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေးနည်းလမ်းများနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန

ခွေးရူးရောဂါ ကြောက်စရာ

ဒေါက်တာခင်ရွှေ
(တိရစ္ဆာန်ဆေးကုဆရာဝန်)

ကျွန်တော်က တိရစ္ဆာန်ဆေးကု ဆရာဝန်တစ်ယောက်ပါ။ လွန်ခဲ့တဲ့ ၁၀ နှစ်ကျော်လောက် ကိုယ်ပိုင်ဆေးကုခန်းဖွင့်ရင်း ဆေးကုသရေး အတွေ့အကြုံများကိုရေးသားပြီး အများပြည်သူကျန်းမာရေးအတွက် ပညာပေး ဆောင်းပါးများအဖြစ် သတင်းစာများမှာ ဖော်ပြခဲ့ဖူးပါတယ်။ အဲဒီတုန်းက ကျွန်တော်ရဲ့ မျက်စိရှေ့မှာပဲ ခွေးရူးနဲ့ သေဆုံးသွားတဲ့ ခွေးတွေ၊ လူတွေကို တွေ့ခဲ့ရလို့ ခွေးရူးရောဂါနှင့် ပတ်သက်ပြီး သတိရှိကြဖို့အတွက် အသိပညာ ပေးခဲ့ပါသေးတယ်။

ဒီလိုကြောက်စရာကောင်းတဲ့ ခွေးရူးရောဂါဟာ (Rhabdo Virus) ပိုးကြောင့် ဖြစ်ရတာဖြစ်ပြီး ဒီရောဂါပိုးကြောင့် သွေးနွေးသတ္တဝါတွေဖြစ်တဲ့ (ခွေး၊ ကြောင်၊ မြေခွေး၊ တောခွေး၊ ဝက်၊ နွား၊ သိုး၊ ဆိတ်၊ လင်းနို့. . .) တွေရဲ့ တံတွေးနဲ့ ပြန်ရည်တွေကတစ်ဆင့် ရောဂါပိုးကူးစက်ပြန့်ပွားတာ ဖြစ်ပါတယ်။ ဒါကြောင့် ခွေးရူးရောဂါဟာ ခွေးကိုက်ခံရမှုမဟုတ်ဘဲ ခွေးကိုက်မခံရဘဲနှင့် ခွေးရူးရောဂါဖြစ်နေတာကို မသိဘဲ ခွေးကိုပြုစု၊ ကုသပေးတဲ့ သူတွေမှာလည်း ရောဂါကူးစက်နိုင်တာကို အထူးဂရုပြုရပါမယ်။ အထူးသဖြင့် ခွေးမှာ ခွေးရူးရောဂါ လက္ခဏာမပြသေးသော်လည်း ရောဂါကူးစက်ခံရပြီဖြစ်တဲ့ သတ္တဝါရဲ့ တံတွေးနဲ့ ပြန်ရည်ဂလင်း (နှာရည်၊ မျက်ရည်)တွေမှာ ခွေးရူးရောဂါပိုးတွေရှိနေပြီးဖြစ်လို့ အဲဒီအရည်တွေနဲ့ လူရဲ့ခန္ဓာကိုယ်ထဲကို ထိခိုက်ရှနာတွေကတစ်ဆင့် လူမသိ၊ သူမသိ ကူးစက်ရောက်ရှိနိုင်ပါတယ်။

ကိုယ်ခန္ဓာထဲကို ဝင်ရောက်လာပြီဖြစ်တဲ့ ရောဂါပိုးတွေက ချက်ချင်း အစွမ်းမပြကြပါဘူး။ ဒီရောဂါပိုးတွေနဲ့ ရောဂါပိုးတွေက စွန့်ထုတ်လိုက်တဲ့ အဆိပ်တွေဟာ ကိုယ်ခန္ဓာထဲမှာရှိတဲ့ အာရုံကြောလို့ခေါ်တဲ့ နှာဗ်ကြော(nerve) တွေကတစ်ဆင့် ကူးစက်ပြီး လူရဲ့ပင်မနာ့ဗ်ကြောစည်းဖြစ်တဲ့ ဦးနှောက် (Brain)သို့ ရောက်ရှိသွားပြီးမှ ဦးနှောက်ကတစ်ဆင့် လူရဲ့ခန္ဓာကိုယ် ဆောင်ရွက်မှုတွေကို ထိန်းချုပ်ထားတဲ့ ဗဟိုဌာနတွေရဲ့ လုပ်ငန်းတာဝန်တွေကို ပျက်စီးစေရာမှ လူများကို အသက်ဆုံးရှုံးစေပါတယ်။

ဒီရောဂါပိုးတွေဟာ နာ့ဗ်ကြောတွေကတစ်ဆင့် ကူးစက်စေတာကြောင့် ရောဂါကူးစက်ခံရရင် ရောဂါလက္ခဏာတွေ ချက်ချင်းမပြပါဘူး။ ဒါပေမယ့် ရောဂါကူးစက်ခံရတဲ့နေရာနဲ့ ဦးနှောက်နှင့်အနီးအဝေး၊ နာ့ဗ်ကြောအနည်းအများနဲ့ ခွေးကိုက်ဒဏ်ရာ အကြီးအသေးကိုလိုက်ပြီး ရောဂါလက္ခဏာ ပေါ်ပေါက်တဲ့အချိန် ကွာခြားနိုင်ပါတယ်။ (ဒါကြောင့်လည်း ခွေးကိုက်လို့ ဘာမှမဖြစ်ပါဘူးဟုဆိုပြီး ခွေးကိုက်ဒဏ်ရာပျောက်ပြီး သုံး၊ လေးလ၊ ဒါမှမဟုတ် သုံးနှစ်ခန့်ကြာပြီးမှ ခွေးရူးရောဂါနဲ့ သေဆုံးမှုမျိုးကို အံ့သြဖွယ် ကြုံတွေ့ကြရပါတယ်။) သာမန်အားဖြင့် ခြေထောက်မှာ ကိုက်ခံရတာဆိုလျှင် ၆၄ ရက်ခန့်၊ လက်မောင်းဆိုလျှင် ၃၂ ရက်၊ မျက်နှာနှင့် လည်ပင်း အနီးတစ်ဝိုက်မှာဆိုလျှင် ၂၇ ရက်ခန့်ကြာတတ်တာကို လေ့လာတွေ့ရှိရပါတယ်။ ဒါကြောင့် ရောဂါစတင်ကူးစက်ဖြစ်ပေါ်တဲ့နေရာဟာ ဦးနှောက်နဲ့နီးပြီး ဒဏ်ရာကြီးလေလေ ခွေးရူးရောဂါဖြစ်တာ မြန်လေလေပါပဲ။ ခန့်မှန်းခြေအားဖြင့် ခွေးရူးရောဂါလက္ခဏာများဟာ လူမှာခွေးကိုက်ခံရပြီး ငါးပတ်မှ ရှစ်ပတ်အထိ ကြာတတ်ပေမယ့် တချို့မှာ သုံးလ၊ လေးလကနေ သုံးနှစ်ခန့်ကြာပြီးမှ ခွေးရူးရောဂါလက္ခဏာတွေပေါ်ပြီး သေဆုံးခဲ့ရတာတွေရှိခဲ့ပါတယ်။

ဒါ့အပြင် လူတွေသတိထားရမှာက ခွေးရူးရောဂါဖြစ်နေတဲ့လူကို ခွေးရူးရောဂါဖြစ်မှန်းမသိဘဲနဲ့ အတူနေတဲ့အချိန်မှာ ခွေးရူးရောဂါပိုး မကူးစက်အောင် ဂရုပြုဖို့လိုအပ်ပါတယ်။ အဓိကအားဖြင့် ခွေးရူးရောဂါခံစားနေရပြီဖြစ်တဲ့ လူမှာ ရေကြောက် (hydrophobia) တတ်ပါတယ်။ ဒီလက္ခဏာဟာ လူမှာထင်ရှားတဲ့လက္ခဏာပဲဖြစ်ပါတယ်။ ရေငတ်လို့ရေသောက်ချင်ပေမယ့် တကယ်ရေသောက်လိုက်တဲ့အခါမှာ လည်ပင်းဘေးမှာရှိတဲ့ ကြွက်သားတွေကြောင့် အသက်ရှူကျပ်လာပါတယ်။ ဒါကြောင့် ရေကိုသောက်ချင်ပေမယ့် ရေကိုမြင်ရင် ကြောက်နေပါတော့တယ်။ ပြီးတော့ ပါးစပ်မှ တံတွေးများစီးကျနေတတ်ပါတယ်။ ဒီအခါမှာ တံတွေးထဲမှာ ခွေးရူးရောဂါဖြစ်စေတဲ့ ရောဂါပိုးတွေရောက်နေပါပြီ။ ဒီလိုအခါမျိုးမှာ ပြုစုတဲ့သူတွေမှာ လတ်တလော ထိခိုက်ရှနာဒဏ်ရာများမှတစ်ဆင့် ထိတွေ့မိတဲ့အခါ ခွေးအကိုက်မခံရဘဲနဲ့ ခွေးရူးရောဂါ ကူးစက်သွားနိုင်ပါတယ်။ (ဒါကလည်း မဖြစ်သင့်ဘဲ ဆုံးပါးသွားရတာမျိုးမို့ မဖြစ်အောင် ဂရုစိုက်ရမှာပါ။)

ခွေးရူးကိုက်ခံရလို့ ခွေးရူးရောဂါရပြီဆိုရင် တွေ့ရှိနိုင်တဲ့ လက္ခဏာတွေကတော့ ကိုက်ခံရတဲ့ဒဏ်ရာက ပျောက်နေပေမယ့် ယားယံနေတတ်ပါတယ်။ ခေါင်းကိုက်ခြင်း၊ ကိုယ်လက်မအီမသာဖြစ်ခြင်း၊ အဖျားဝင်ခြင်း၊ တံတွေးများကျဆင်းလာပြီး ဒေါသထွက် စိတ်မထိန်းနိုင်ဖြစ်ခြင်း၊ အချို့မှာအကြောဆွဲသကဲ့သို့ဖြစ်ခြင်း၊ နောက်ဆုံးတွင် ကြောက်လန့်ဖွယ်ကောင်းအောင် အော်ဟစ်၍ ဝက်ရူးပြန်သကဲ့သို့ဖြစ်ကာ တက်ခြင်း၊ အသက်ရှူကျပ်ကာ သေဆုံးခြင်းတို့ကို တွေ့ရတတ်ပါတယ်။

ခွေးရူးပြန်ရောဂါဟာ ခွေးတွင်သာမက သွေးနွေးသတ္တဝါများအတွင်း ကူးစက်ဖြစ်ပေါ်တဲ့အခါ မည်သည့်တိရစ္ဆာန်မှာမဆို (၁) မူလအမူအကျင့်များ ပြောင်းလဲခြင်း၊ (၂) စားနေကျမဟုတ်သော အစာများစားခြင်း၊ (၃) တံတွေးများ ထွက်ကျနေခြင်း၊ (၄)အစာစား၊ ရေသောက်ခြင်း လုံးဝမလုပ်တော့ဘဲ ဆိတ်ငြိမ်ရာအရပ်ကို ရှာဖွေနေထိုင်ခြင်း၊ (၅) ဆီးမကြာခဏသွားတတ်ခြင်း၊ (၆) တချို့သော တိရစ္ဆာန်အထီးကောင်များတွင် လိင်အင်္ဂါများ အပြင်သို့ ထွက်ကျနေခြင်းတို့ကို တွေ့ရတတ်ပါတယ်။

ရောဂါဖြစ်နေတဲ့ခွေးတွေမှာ ထင်ရှားတဲ့ လက္ခဏာပုံစံနှစ်မျိုးရှိပါတယ်။ ပထမတစ်မျိုးကတော့ ရန်လိုတဲ့ပုံစံဖြစ်ပြီး အဲဒီပုံစံမျိုးမှာခွေးဟာ ဒေါသထွက်လွယ်ခြင်း၊ မျက်မှောင်ကုတ်၍နေခြင်း၊ စူးရှအသံလာရာကို စူးစိုက်တတ်ပြီး စိတ်ဂယောင်ချောက်ချားဖြစ်ကာ လှည့်လည်သွားလာနေခြင်း၊ လူနှင့်တိရစ္ဆာန်စတဲ့ လှုပ်ရှားနေတဲ့အရာတွေကို လိုက်ကိုက်တတ်ခြင်း၊ သစ်သား၊ ကောက်ရိုး၊ သံတို သံစများကိုစားခြင်း စတာတွေကို တွေ့ရတတ်ပါတယ်။ ခြံလှောင်အိမ်နဲ့ မွေးမြူထားတဲ့ ခွေးတွေမှာ ခြံလှောင်အိမ်ကိုကိုက်ထားလို့ သွားများကျိုးပဲ့ပြီး သွေးစသွေးနများ ထွက်နေတတ်ပါတယ်။ ခွေးငယ်လေးများမှာတော့ လူများနဲ့ ပွတ်သီးပွတ်သပ်ကစားရင်း ရုတ်တရက်ကိုက်တတ်ပါတယ်။ အခြေအနေဆိုးရွားလာပါက ဒယိမ်းဒယိုင်ဖြစ်၊ ရုတ်တရက်အကြောဆွဲတက်ကာ အသက်ရှူရပ်ပြီး သေဆုံးကြပါတယ်။ ခွေးရူးကိုက်ခံရသော ကြောင်များတွင်လည်း ပိုင်ရှင်ကို မသိတော့ဘဲ ရုတ်တရက်ကိုက်ခြင်း၊ ကုတ်ဆွဲခြင်းမျိုး ပြုလေ့ရှိတတ်ပါတယ်။

ဒုတိယတစ်မျိုးကတော့ ငြိမ်းအေးတဲ့ ပုံစံမျိုးနဲ့ ခွေးဟာ လူကိုမကိုက်နိုင်တော့ဘဲ အကြောလျော့ခွေပြီး မြေပြင်တွင်လဲနေတတ်ပါတယ်။ ပါးစပ်နဲ့ လည်ပင်းကြွက်သားတွေ အကြောသေပြီး အစာနှင့်ရေမမျိုနိုင်ဘဲ အောက်နှုတ်ခမ်း တစ်ခုလုံး တွဲကျနေတတ်ပါတယ်။ တံတွေးများလည်း ထွက်ကျကာ အကြော ဆွဲပြီး နောက်ဆုံးထွက်သက်ကို ရှူသွားတတ်ကြရပါတယ်။ ဒီပုံစံမျိုးနဲ့ သေတဲ့ ခွေးဟာ ရေကို ကြောက်ရွံ့ခြင်းနည်းပါးတာကို တွေ့ရပါတယ်။ လူများစုဟာ လမ်းပေါ်မှာ တံတွေးများကျပြီး အမြီးကုတ်ကာ ဒယိမ်းဒယိုင်ပြေးလွှားနေတဲ့ခွေးမှ ခွေးရူးဟု ထင်တတ်ကြပါတယ်။ ငြိမ်းအေးတဲ့ပုံစံမျိုးနဲ့ ခွေးရူးရောဂါခံစားနေရတဲ့ ခွေးကို ရိုးရိုးနေမကောင်းဖြစ်တာပဲလို့ ထင်မှတ်ပြီး ခွေးကို သနားသောစိတ်နဲ့ ဆေးဝါးကုသပြုစုမိရာကနေ ခွေးအဟပ်ခံရပြီး ခွေးရူးရောဂါဖြင့် သေဆုံးကြရခြင်းဖြစ်ပါတယ်။

တရားဥပဒေကို မသိလို့ပါဟူ၍ လျှောက်လဲချက်ပေးလို့မရသကဲ့သို့ ခွေးရူးရောဂါဖြစ်နေတာကို မသိလို့ ပေါ့ပေါ့ဆဆနေမိတာပါလို့ ပြောလို့မရပါ။ အဲ့ဒီလိုပြောမယ်ဆိုရင် ဆေးကုသရန်အချိန်မမီတော့ပါ။ ထိုအခါကျမှ ဘာလုပ်ရလုပ်ရဟု ဆိုပေမယ့်လည်း လုပ်စရာမရှိတော့လို့ သေရမှာပါပဲ။ ဒါကြောင့် မိမိတို့၏ မိတ်ဆွေ၊ သူငယ်ချင်းအပေါင်းအသင်းများအား ခွေးကိုက်ခံရပြီဆိုရင် ခွေးရူး မရူးစောင့်ကြည့်ပြီး ခွေးရူးရောဂါကာကွယ်ဆေးထိုးဖို့ သတိပေးရမှာ ဖြစ်ပါတယ်။ အထူးသဖြင့် အခြေခံပညာကျောင်းများမှာလည်း ဆရာ၊ ဆရာမများက မိမိတို့ရဲ့တပည့်များကို ခွေးရူးနဲ့ပတ်သက်တဲ့ အကြောင်းအရာတွေကို ပညာပေးပြောပြရန်လိုပြီး သို့မှသာ နောင်အနာဂတ်ရဲ့ ခေါင်းဆောင်ကောင်းတွေဖြစ်လာမယ့် လူငယ်၊ လူရွယ်တွေ ဆုံးရှုံးနစ်နာမှုဘေးမှ ကာကွယ်တားဆီးနိုင်မှာဖြစ်ပါတယ်။

လူတွေမှာ ခွေးရူးရောဂါကူးစက်ပြန့်ပွားမှုနှင့် ပတ်သက်ပြီး အသက်ဆုံးရှုံးမှုမရှိစေရန် ပထမဆုံး ဆောင်ရွက်ရမယ့်လုပ်ငန်းမှာ ခွေးများတွင် ခွေးရူးရောဂါကာကွယ်ဆေးထိုးနှံထားရန် ဖြစ်ပါတယ်။ မိမိတို့ အိမ်ခြံများတွင် မွေးမြူထားသော ခွေး/ကြောင်များအား ခွေးရူးရောဂါကာကွယ်ဆေးကို ကြိုတင်ထိုးနှံထားခြင်းဖြင့် ခွေးရူးခြင်းမှ ကြိုတင်ကာကွယ်ထားနိုင်ပါတယ်။ ခွေး/ကြောင်လေးများ အသက် သုံးလအရွယ်မှစ၍ ခွေးရူးရောဂါကာကွယ်ဆေးကို ပထမအကြိမ် ထိုးနှံပြီး တစ်နှစ်တစ်ကြိမ် မှန်မှန်ထိုးနှံခြင်းဖြင့် ခွေးရူးခြင်းမှ ကာကွယ်နိုင်ပါတယ်။ သို့ရာတွင် ခွေးရူးရောဂါကာကွယ်ဆေးဟာ ခွေးမှာဆေးထိုးပြီး ၁၀ ရက်ကျော်မှ ရောဂါကာကွယ်နိုင်ခြင်း၊ အချို့ကာကွယ်ဆေးများမှာ ဆေးအစွမ်းသတ္တိ ကင်းမဲ့နေတတ်ခြင်း (ရေခဲဖြင့်ဆေးကို သယ်ဆောင်ခြင်း၊ သိမ်းဆည်းခြင်း မပြုသည့်အခါ)တို့ ဖြစ်တတ်သဖြင့် ခွေးရူးကာကွယ်ဆေး ထိုးထားသည်ဟု ဆိုသော်လည်း ဘာမှမဖြစ်ပါဘူးဟု စိတ်ချ လက်ချ မနေဘဲ ခွေးကိုက်ခံရပြီဆိုပါက ခွေးရူး မရူးကို ၁၀ ရက်ခန့် စောင့်ကြည့်ရန်လိုအပ်ပါတယ်။

ခွေးပိုင်ရှင်များဟာ မိမိတို့ခွေးမှာ ခွေးရူးကာကွယ်ဆေးထိုးထားသော်လည်း ခွေးရူးမရူးမသိရတဲ့ အခြားခွေးတစ်ကောင်ကောင်အကိုက်ခံရပါက ခွေးရူးရောဂါ ကာကွယ်ဆေးထိုးပြီးသားဖြစ်စေကာမူ ဒုတိယအကြိမ် ကာကွယ်ဆေး ထိုးပေးရပါမယ်။

ခွေးရူးရောဂါပြန့်ပွားမှု ထိန်းချုပ်ရာတွင် ဒုတိယအချက်အနေဖြင့် တစ်နေ့ထက်တစ်နေ့ များပြားလာနေတဲ့ ခွေးလေခွေးလွင့်များကို ထိန်းချုပ်ရန် လိုပါတယ်။ နိုင်ငံရပ်ခြားတွင် ခွေးမွေးမယ်ဆိုပါက ခွေးကို သက်ဆိုင်ရာ ဌာနမှာ မှတ်ပုံတင်ရပါတယ်။ သတ်မှတ်ထားတဲ့အချိန်မှာ ခွေးရူးရောဂါ ကာကွယ်ဆေးကို အချိန်မှန်မှန် ထိုးပေးရပါတယ်။ အပြင်ထွက်လည်မယ်ဆိုပါက ခွေးမှာလည်ပတ်ပတ်ပြီးမှ ကြိုးနဲ့ခေါ်ဆောင်သွားရပါတယ်။ မြန်မာနိုင်ငံမှာလည်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ တိရစ္ဆာန်ဆေးကုသရေးဌာနက အထက်ပါ နည်းလမ်းများအတိုင်း ဆောင်ရွက်နေပေမယ့် တရားဝင်လိုင်စင်ပြုလုပ်ပြီး မွေးမြူသူထက် တရားမဝင် မွေးထားသူကများပြားနေလို့ ခွေးလေခွေးလွင့်များ တစ်နေ့တခြား တိုးပွားနေတာကို တွေ့ရှိရပါတယ်။ အထူးသဖြင့် လမ်းဘေးမှာတွေ့ရတဲ့ ပိုင်ရှင်မဲ့ခွေးများကို သနားလို့ကျွေးမွေးကြပေမယ့် ခွေးရူးရောဂါကာကွယ်ဆေးထိုးပေးဖို့အတွက်တော့ အသိပညာနည်းပါးကြပါတယ်။ ဒါကြောင့် မိမိတို့ အစာကျွေးနေတဲ့ ခွေးပေမယ့် ခွေးရူးရောဂါကြောင့် အကိုက်ခံရပြီး သေဆုံးခဲ့ကြရပါတယ်။

ဒါကြောင့် ခွေးလေခွေးလွင့် ထိန်းချုပ်ဖို့အတွက် ခွေးထီးများကို သင်းကွပ်ခြင်း၊ ခွေးမများကို သားကြောဖြတ်ခြင်း (သို့မဟုတ်) သန္ဓေမရအောင် တားဆေးများထိုးပေးခြင်းနဲ့ တာဝန်မယူနိုင်တဲ့ခွေးလေခွေးလွင့်များကို ရှင်းလင်းသုတ်သင်ရပါမယ်။ ဒီနေရာမှာ ပြည်သူများက သနားသဖြင့် ကျွေးမွေးထားမယ်ဆိုပါက အချိန်မှန်မှန် ခွေးရူးကာကွယ်ဆေးထိုးပေးဖို့ လိုအပ်ပါတယ်။

ခွေးရူးရောဂါကာကွယ်ရေးအတွက် တတိယအချက်အနေနဲ့ ကလေး လူကြီးမကျန် ခွေးမကိုက်အောင် ဂရုတစိုက် သွားလာကြရမှာဖြစ်ပါတယ်။ ခွေးလေခွေးလွင့်ပေါများတဲ့နေရာကို လူကြီးမပါဘဲ ကလေးငယ်တစ်ဦးတည်း မခိုင်းစေသင့်ပါ။ ကလေးငယ်များကိုလည်း မိမိမသိသော ခွေးများကို ကိုင်တွယ်ပွတ်သပ်ခြင်း မပြုလုပ်စေသင့်ပါ။ သို့မှသာ ခွေးကိုက်ခံရပြီး ဖြစ်ပေါ်လာမယ့် နောက်ဆက်တွဲ ပြဿနာများမှ ကင်းလွတ်မှာဖြစ်ပါတယ်။ အဆင်မသင့်၍ ခွေးကိုက်ခံရပြီဆိုပါကလည်း မည်ကဲ့သို့ ဆက်လက်ဆောင်ရွက်ရမည်ကို သိရှိထားရပါမယ်။

ခွေးကိုက်ခံရပြီဆိုပါက ခွေးကိုက်ဒဏ်ရာကို ရေများများနဲ့ လောင်းချစေပြီး သွေးများကိုညှစ်ထုတ်ကာ ကာဘော်လစ်ဆပ်ပြာနဲ့ ချက်ချင်းဆေးကြောရမယ်။ ဒဏ်ရာကို အရက်ပြန်၊ အိုင်အိုဒင်းဆေးရည်တို့နဲ့ သုတ်လိမ်းပြီး ပတ်တီးစည်းခြင်း၊ ချုပ်ခြင်းတို့ကို မပြုလုပ်ရပါ။ လိုအပ်ပါက မေးခိုင်ရောဂါ ကာကွယ်ဆေးကို ထိုးနှံရပါမယ်။ ကိုက်တဲ့ခွေးကိုလည်း ချက်ချင်းမသတ်ဘဲ ခွေးရူး၊ မရူးကို ၁၀ ရက်ခန့်စောင့်ကြည့်ဖို့လိုပါတယ်။ ဒီလိုမဟုတ်ဘဲ ခွေးကို အများက ဝိုင်းသတ်မိပြီဆိုပါက ခွေးသေ၏ ဦးခေါင်းကိုဖြတ်၊ ပလတ်စတစ်အိတ်နဲ့ထည့်ပြီး ရေခဲထဲမှာစိမ်ကာ ခွေးရူးရောဂါပိုးရှိ မရှိကို စမ်းသပ်စစ်ဆေးရန် ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ (ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှု ဆိုင်ရာဌာန NHL အမှတ် ၃၅ မော်ကွန်းတိုက်လမ်း ရွှေတိဂုံစေတီတော် တောင်ဘက်မုခ်အနီး) သို့ ပို့ရပါမယ်။ ခွေးရူးရောဂါပိုးတွေ့ရှိရပါက ခွေးရူးရောဂါကာကွယ်ဆေးထိုးရန် ဆေးရုံ၊ ဆေးခန်းသို့ အမြန်ဆုံးသွားရောက်ပြသကာ ကာကွယ်ဆေးထိုးခံရပါမယ်။

ခွေးရူးရောဂါကာကွယ်ဆေးဟုဆိုရာမှာ ခွေးရူးရောဂါကာကွယ်ဆေးနှင့် ခွေးရူးအဆိပ်ဖြေဆေးဆိုပြီး နှစ်မျိုးရှိပါတယ်။ ခွေးရူးရောဂါကာကွယ်ဆေးလို့ ဆိုရာမှာ ခွေးရူးရောဂါပိုးနဲ့ ပတ်သက်ပြီး ကိုယ်ခန္ဓာက ကိုယ်ခံစွမ်းအား (Antibody) တက်အောင် ပြုလုပ်ပေးခြင်းဖြစ်ပြီး ဆေးအစွမ်းရရန် အချိန်စောင့်ရပါတယ်။ ဥပမာ - HUMAN DIPLOID CELL STRAIN. VACCINE (HDCSV) ခွေးရူးအဆိပ်ဖြေဆေးဆိုတာ ခွေးရူးရောဂါပိုးမှ ထွက်လာတဲ့ အဆိပ်ရည်ကို ပြေစေရန်အတွက် စွမ်းအားရှိသော ဆေးရည်ဖြစ်ပါတယ်။ (ဥပမာ- ANTI RABIES IMMUNO GLOBULIN)

သာမန်အားဖြင့် ခြေထောက်မှာ ခွေးအကိုက်ခံရပြီး ဒဏ်ရာပြင်းထန်ပါက ခွေးရူးရောဂါကာကွယ်ဆေးထိုးဖို့ လိုအပ်ပါတယ်။ ခွေးကို ၁၀ ရက်ခန့် စောင့်ကြည့်ပြီး ခွေးမရူးပါက ကာကွယ်ဆေးထိုးခြင်းကို ရပ်တန့်နိုင်ပါတယ်။ (သို့တည်းမဟုတ်) ခွေးကို လူအများဝိုင်းသတ်မိပြီဆိုပါက ခွေးဦးခေါင်း၌ ခွေးရူးရောဂါပိုးမရှိကြောင်း ဓာတ်ခွဲခန်းမှ အဖြေအတိအကျရပါက ကာကွယ်ဆေးထိုးခြင်းကို ရပ်တန့်နိုင်ပါတယ်။

ဒီလိုမဟုတ်ဘဲ ခွေးကိုက်ဒဏ်ရာ ပြင်းထန်ပြီး အကိုက်ခံရတဲ့နေရာဟာ ဦးခေါင်း၊ မျက်နှာ၊ လည်ပင်းနဲ့ လက်တွေမှာဖြစ်ပါက ခွေးရူးရောဂါကာကွယ်ဆေးနဲ့ ခွေးရူးရောဂါအဆိပ်ဖြေဆေးကို တစ်ပြိုင်တည်း နှစ်မျိုးလုံးထိုးဖို့ လိုအပ်ပါတယ်။ တလောက ဂျာနယ်တစ်စောင်မှာ ခွေးကိုက်ခံရလို့ ခွေးရူးကာကွယ်ဆေးထိုးပေမယ့် ခွေးရူးရောဂါနဲ့ သေဆုံးသွားကြောင်း သတင်းတစ်ပုဒ် ဖတ်လိုက်ရပါတယ်။ ခွေးရူးရောဂါကာကွယ်ဆေးက ခွေးရူးရောဂါအတွက် ကိုယ်ခံစွမ်းအားမတက်ခင် ခွေးရူးရောဂါပိုးတွေ ဦးနှောက်ကို မြန်မြန်ဆန်ဆန် ရောက်ရှိသွားလို့ပဲ ဖြစ်လေမလားလို့ တွေးထင်မိပါတယ်။

နောက်ဆုံးအနေနဲ့ သတိပေးလိုတာက ခွေးရူးရောဂါပိုးဟာ ခွေး၊ကြောင်၊ သွေးနွေးသတ္တဝါတွေကတစ်ဆင့် ကူးစက်ရာမှ လင်းနို့များကလည်း ကူးစက်နိုင်ကြောင်း သတိပြုဖို့လိုပါတယ်။ မကြာသေးမီရက်အတွင်းက စာရေးသူနေထိုင်ရာ အိမ်ထဲကို နေ့လယ်ပိုင်းမှာ လင်းနို့ကြီးတစ်ကောင်ဝင်ရောက်လာပြီး အိမ်ရှေ့ကနေ အိမ်နောက်ကို ခေါက်တုံ့ခေါက်ပြန် ပျံသန်းနေခဲ့ပါတယ်။ လင်းနို့တွေမှာ ခွေးရူးရောဂါပိုးများဝင်ရောက်နေပေမယ့် လင်းနို့များမှာ မည်သို့မျှ အကျိုးသက်ရောက်မှုမရှိဘဲ ခံနိုင်ရည်ရှိကြပါတယ်။ ဒါပေမယ့် ထိုလင်းနို့များကိုက်ခံရတဲ့ သွေးနွေးသတ္တဝါတွေမှာတော့ ခွေးရူးရောဂါ ဖြစ်ပွားနိုင်ပါတယ်။ ဒေါက်တာတင်တင်မြိုင် (မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်)ရဲ့ ပြည်သူ့ကျန်းမာရေးကဏ္ဍနှင့် ပတ်သက်ဆက်နွှယ်နေသော တိရစ္ဆာန်တို့၏ ကူးစက်ရောဂါများစာအုပ်တွင် ‘လင်းနို့မှာ ခွေးရူးရောဂါဖြစ်ပွားခဲ့လျှင် သဘာဝကို သွေဖည်၍ နေ့လယ်ခင်း၌ ပျံသန်းကြသည်’ဟု လေ့လာမှတ်သားရတဲ့အတွက် လင်းနို့အကိုက်မခံရအောင် ပြုလုပ်ပြီး လင်းနို့ကို မောင်းထုတ်ခဲ့ရတယ်။

အချုပ်ဆိုရရင် ခွေးရူးပြန်ရောဂါဟာ ကြိုတင်ကာကွယ်လို့သာရပြီး ရောဂါလက္ခဏာတွေ ပေါ်ပေါက်လာပြီဆိုရင် ကုသလို့မရနိုင်တဲ့ ရောဂါဆိုးတစ်မျိုးဖြစ်လို့ ကြောက်မက်ဖွယ်ကောင်းတဲ့ ရောဂါဆိုးအန္တရာယ်မှ ကင်းဝေးဖို့ ခွေးကိုက်ခြင်းမှ ကာကွယ်ရမှာဖြစ်ပြီး ခွေးကိုက်ခံရပါကလည်း နားလည်တတ်ကျွမ်းတဲ့ ဆရာဝန်များနဲ့ ကုသခြင်းဖြင့်သာ နိုင်ငံ့သားကောင်း ရတနာလေးများ အကျိုးမဲ့ဆုံးရှုံးခြင်းမှ ကင်းလွတ်ပါမည့်အကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

ဝန်ကြီး ဦးလွန်းသီ ထိုင်းရေနံကုမ္ပဏီက လှူဒါန်းသည့် နေရောင်ခြည်စွမ်းအင်သုံး ရေတင်စက် လွှဲပြောင်းပေးအပ်ပွဲ တက်ရောက်

ရန်ကုန် ဇန်နဝါရီ ၁၇

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီသည် ဇန်နဝါရီ ၁၆ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် မေတ္တာကျေးရွာ၌ ကျင်းပသည့် ထိုင်းနိုင်ငံ PTTEPI ရေနံကုမ္ပဏီက လှူဒါန်းသည့် နေရောင်ခြည်စွမ်းအင်သုံး ရေတင်စက် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ကွမ်းခြံကုန်းမြို့နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ PTTEPI ရေနံကုမ္ပဏီမှ တာဝန်ရှိသူများနှင့် မေတ္တာကျေးရွာသူ ကျေးရွာသားများ တက်ရောက်ကြသည်။

ရှေးဦးစွာ PTTEPI ရေနံကုမ္ပဏီမှ Socio Economics Team Leader, Ms. Waewduan Pingmuang က နေရောင်ခြည်စွမ်းအင်သုံး ရေတင်စက် လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ PTTEPI ရေနံကုမ္ပဏီမှ External Relation Manager, Mr. Siriphong Fuenglikhit က တပ်ဆင်လှူဒါန်းသည့် နေရောင်ခြည်စွမ်းအင်သုံး ရေတင်စက်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ကွမ်းခြံကုန်းမြို့နယ် ဥက္ကဋ္ဌထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် နေရောင်ခြည်စွမ်းအင်သုံး ရေတင်စက် လှူဒါန်းလက်ခံရရှိသည့် မေတ္တာကျေးရွာနေ ပြည်သူလူထုကိုယ်စား ကျေးရွာသားတစ်ဦးဖြစ်သူ ဦးကျော်ရွှေက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါ နေရောင်ခြည်စွမ်းအင်သုံး ရေတင်စက်ကို PTTEPI ရေနံကုမ္ပဏီက ငွေကျပ်သိန်း ၂၄၀ အကုန်အကျခံ လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာနနှင့် ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းများ အကျိုးတူပူးပေါင်းဆောင်ရွက်နေသော PTTEPI ရေနံကုမ္ပဏီက လှူဒါန်းသည့် နေရောင်ခြည်စွမ်းအင်သုံး ရေတင်စက်နှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းများကို External Relation Manager, Mr. Siriphong Fuenglikhit က ကွမ်းခြံကုန်းမြို့နယ်ဥက္ကဋ္ဌ ဦးဝေလင်းထံ လွှဲပြောင်းပေးအပ်စဉ်။ (စွမ်းအင်)

ရွှေတောင်ကုမ္ပဏီလီမိတက်မှ ရေအားလျှပ်စစ်စီမံကိန်းများတွင် ဆောင်ရွက်ပေးနေသည့် ပစ္စည်းများ ပါဝင်ပြသ

နေပြည်တော် ဇန်နဝါရီ ၁၇

တတိယအကြိမ် ရေအားလျှပ်စစ်ဖွံ့ဖြိုးမှုဆိုင်ရာ စာတမ်းဖတ်ပွဲ အခမ်းအနားကို နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ် ပေါင်းလောင်းရေအားလျှပ်စစ်အခြေစိုက်ဝင်းအတွင်းရှိ ရေအားလျှပ်စစ်ဖွံ့ဖြိုးမှုလေ့ကျင့်ရေးဌာန ရဲရွာခန်းမ၌ ဒီဇင်ဘာ ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် ကျင်းပခဲ့သည်။

ထိုသို့ကျင်းပရာတွင် အဆိုပါ လျှပ်စစ်အခြေစိုက်ဝင်းအတွင်းပြခန်း၌ ဝန်ကြီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းပုံစံငယ်များကို ပြသခဲ့ရာ ရွှေတောင်အုပ်စုကုမ္ပဏီများဖြစ်ကြသော High Tech Concrete Technology Co.,Ltd.၊ Octagon International Co., Ltd.၊ Octagon International Service Co., Ltd. တို့ကလည်း ရေအားလျှပ်စစ်စီမံကိန်းများတွင် အသုံးပြုသော လုပ်ငန်းသုံးပစ္စည်းများနှင့် ပတ်သက်သည့် Products များကို ပါဝင်ပြသခဲ့သည်။

ရွှေတောင်အုပ်စုကုမ္ပဏီများအနေဖြင့် C.V.C နှင့် R.C.C(Roller Compacted Concrete) ကွန်ကရစ်နှင့် ကျောက်ကြိတ်ခွဲ ထုတ်လုပ်သည့်လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့အပြင် အင်္ဂလန်နိုင်ငံနည်းပညာဖြင့် မလေးရှားနိုင်ငံ၌ ထုတ်လုပ်သော "Fosrc" Brand နှင့် USA နည်းပညာဖြင့် ထုတ်လုပ်သော "Grace" Brand ကွန်ကရစ်လုပ်ငန်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းခွင်သုံး အဆင့်မြင့် Chemical များဖြစ်သည့် Admixture Industrial Floor Hardening and paints၊ Waterproofing Chemicals များ၊ Concrete Repair and Maintaince Chemical ပစ္စည်းအမျိုးအစား စုံလင်စွာ တင်သွင်းရောင်းချပေးလျက်ရှိပြီး လိုအပ်သော အသုံးပြုမှု နည်းစနစ်များကို စနစ်တကျအသုံးပြုနိုင်သည်အထိ ဝန်ဆောင်ပေးခြင်းနှင့် Application Team များဖြင့်လည်း လုပ်ငန်းခွင်အရောက် ဆောင်ရွက်ပေးခြင်းများ ဝန်ဆောင်ပေးလျက်ရှိကြောင်း၊ (Roller Compacted Concrete) R.C.C Dam တည်ဆောက်ရာတွင် အသုံးပြုရသော Retarding Admixture များကို စမ်းသပ်ရွေးချယ်ခြင်းခံရပြီး တင်သွင်းရောင်းချပေးလျက်ရှိကြောင်း သိရသည်။

တတိယအကြိမ် ရေအားလျှပ်စစ် ဖွံ့ဖြိုးမှုဆိုင်ရာ စာတမ်းဖတ်ပွဲတွင် ပေါင်းလောင်းရေအားလျှပ်စစ် အခြေစိုက်ဝင်းအတွင်းပြခန်း၌ ရွှေတောင်အုပ်စုကုမ္ပဏီမှ ရေအားလျှပ်စစ်စီမံကိန်းများတွင် ဆောင်ရွက်ပေးနေသည့် ပစ္စည်းများ ပါဝင်ပြသစဉ်။

(သတင်းစဉ်)

ထို့အပြင် တည်ဆောက်ရေး လုပ်ငန်းခွင်သုံး ဂျာမနီနိုင်ငံထုတ် LIEBHERR Brand Escavator၊ Wheel Loader၊ Dozer၊ Mobile & Tower Crane များ၊ Foundation Machine Duty Cycle Crane များ၊ Batching Plant များနှင့် AG Truck Mixer များကိုလည်း တင်သွင်းရောင်းချပေးနေသည့်အပြင် ဆွီဒင်နိုင်ငံထုတ် Truck & Bus အမျိုးအစားများကိုလည်း Warranty တစ်နှစ်(သို့မဟုတ်) နာရီ ၂၀၀၀ အထိ လည်ပတ်အသုံးပြုနိုင်ရေး ဝန်ဆောင်မှုများကို ဝယ်ယူသူစိတ်တိုင်းကျဆောင်ရွက်ပေးလျက်ရှိသည်။ Warranty ကာလကျော်လွန်ပါကလည်း Spare Parts ပစ္စည်းများကို အမြန်ဆုံး ဝယ်ယူအသုံးပြုလဲလှယ်နိုင်ရန်လည်း စီစစ်ဆောင်ရွက်ထားရှိသည်။

လုပ်ငန်းများဆောင်ရွက်လိုပါက Octagon International Co., Ltd. အလုံတာဝါ ကမ်းနားလမ်း River View Garden အိမ်ရာ အလုံမြို့နယ် ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၁၆၅၇၄ နှင့် ၀၁-၂၁၁၄၃၀-ext - ၁၂၁ ဖက်စ် - ၀၁-၂၂၇၇၁၆၊ Octagon International Services Co., Ltd. အမှတ်(၁၉၅၁) ဗိုလ်ချုပ်လမ်း လှိုင်သာယာမြို့နယ် ရန်ကုန်မြို့၊ ဖုန်း-၀၁-၆၈၇၈၆၆ နှင့် ၀၁-၆၈၇၈၆၇၊ ဖက်စ်-၀၁-၆၈၇၈၆၈၊ High Tech Concrete Technology Co., Ltd. အမှတ်(၅၈၄) ကမ်းနားလမ်းနှင့် (၇)လမ်းထောင့် လမ်းမတော်မြို့နယ် ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၂၇၇၀၅ နှင့် ၀၁-၂၂၇၇၀၆ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

○ **ရှေ့ဖုံးမှ**

အဆိပ်သင့်မှုနှင့်ပတ်သက်၍ မေးမြန်းနိုင်

ကျန်းမာရေးဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)က ပြည်သူတို့ အဆိပ်အတောက်နှင့် ပတ်သက်၍ သိရှိလိုသည်များကို ရုံးချိန်အတွင်းနှင့် ရုံးချိန်ပြင်ပတွင်ပါ ၂၄ နာရီပတ်လုံး ပြန်လည်ဖြေကြား ဆွေးနွေးပေးလျက်ရှိရာ တယ်လီဖုန်းနံပါတ် ၀၁-၃၇၉၄၈၀သို့ ရုံးချိန်အတွင်း၊ ၀၉-၈၀၂၁၉၁၀ သို့ ရုံးချိန်ပြင်ပတွင် လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

"ဆေးမှားသောက်မိတာတွေနဲ့ ပတ်သက်ပြီး မေးမြန်းမှုပိုများတယ်။ အဲလို မေးလာတဲ့အခါမှာ ဘယ်ဆေးကို ဘယ်လောက်သောက်သလဲ။ ပမာဏ ဘယ်လောက်ရှိရင် ဘာဖြစ်နိုင်တယ်။ ဘယ်ဆေးတွေက တွဲသောက်လို့ရတယ်၊ မရဘူးဆိုတာ ချက်ချင်းဖြေကြားပေးတယ်။ အန္တရာယ်ရှိရင်ရှိတယ်၊ မရှိရင်မရှိဘူး။ ဘယ်လိုဖြေဆေးသောက်ပါ၊ ဘယ်အခါမျိုးမှာ သောက်ရမယ်၊ အရေအတွက် ဘယ်လောက်သောက်ရတယ်ဆိုတာမျိုးတွေ ကျွန်မတို့က ဖြေပေးပါတယ်။ ဆေးမှားသောက်လို့ ဘယ်လိုခံစားရသလဲဆိုတာကို မေးတယ်။ မေးပြီးရင် ဆေးရုံသွားသင့်တယ်ဆိုရင် သွားခိုင်းတယ်။ ဒါမှမဟုတ် မိသားစုဆရာဝန်နဲ့တင် လုံလောက်တယ်ဆိုရင်လည်း အဲဒီဆရာဝန်နဲ့ ဆက်သွယ်ပြီး ဆောင်ရွက်သင့်တာတွေကို လုပ်ဆောင်စေဖို့ အကြံပြုပါတယ်" ဟု အဆိပ်အတောက်ဖြစ်မှုနှင့် ပတ်သက်၍ မေးမြန်းလာပါက ဖြေကြားပေးခြင်းကို ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) အမျိုးသားအဆိပ်ထိန်းချုပ်မှုဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာခင်ချစ်က ရှင်းပြသည်။



ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာခင်ချစ် အဆိပ်အတောက်နှင့် ပတ်သက်၍ ရှင်းပြစဉ်။

အမျိုးသားအဆိပ်ထိန်းချုပ်မှုဌာန စတင်ဖွင့်လှစ်စဉ်အချိန်နှင့် နှိုင်းယှဉ်ပါက ပြည်သူတို့အနေဖြင့် မိမိတို့သိရှိလိုသည်များကို ဆက်သွယ်မေးမြန်းမှု ပိုမိုများပြားလာကြောင်း၊ ယခင်က တစ်နှစ်လျှင် ဆက်သွယ်မေးမြန်းမှု အကြိမ်အရေအတွက် ၁၀၀ ခန့် ရှိခဲ့သော်လည်း ယနေ့ကာလတွင်မူ တစ်နှစ်လျှင် အကြိမ် ၄၀၀၊ ၅၀၀ ခန့်အထိ တိုးတက်လာကြောင်း၊ ထိုသို့မေးမြန်းရာတွင် ဆေးရုံများမှ ဆက်သွယ်မေးမြန်းခြင်းများလည်း ပါဝင်ကြောင်း၊ ပြည်သူလူထုအနေဖြင့် အဆိပ်အတောက်နှင့် ပတ်သက်၍ လည်းကောင်း၊ ဆေးဝါးသုံးစွဲမှုနှင့် ပတ်သက်၍ လည်းကောင်း၊ ဓာတုပစ္စည်းများနှင့် ပတ်သက်၍လည်းကောင်း သိလိုသည်များကို ဆက်သွယ်မေးမြန်းနိုင်ကြောင်း ဒေါက်တာခင်ချစ်က ထပ်မံပြောကြားသည်။

အမျိုးသားအဆိပ်ထိန်းချုပ်မှုဌာနအနေဖြင့် ရေရှည်စီမံဆောင်ရွက်မည့် လုပ်ငန်းများနှင့်ပတ်သက်၍ ညွှန်ကြားရေးမှူး ဒေါက်တာမြတ်ဘုန်းကျော်က "အများ သတိမမူမိတဲ့ လုပ်ငန်းခွင်တွေမှာဖြစ်ပေါ်တတ်တဲ့ အဆိပ်အတောက်ဖြစ်မှုတွေပါ လေ့လာဖြေရှင်းပေးနေတယ်။ ဆက်လက်ပြီးလည်း လေ့လာဖော်ထုတ်သွားဖို့၊ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်သွားဖို့ရှိတယ်။ အခုအချိန်မှာ လတ်တလောအဆိပ်သင့်တာတွေကို လုပ်ပေးနေတယ်။ နောက်ပိုင်းမှာတော့ ရေရှည်အဆိပ်သင့်မှုတွေကိုပါ လုပ်ပေးသွားဖို့အစီအစဉ်ရှိပါတယ်။ ရေရှည်မှာ စက်ပစ္စည်းကိရိယာတွေကအစ တိုးချဲ့ပြီး လုပ်ဆောင်သွားဖို့ရှိတယ်"ဟု ပြောကြားသည်။

ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)ရှိ အမျိုးသားအဆိပ်ထိန်းချုပ်မှုဌာန လက်အောက်တွင် ဆေးဝါးဘက်ဆိုင်ရာ အဆိပ်ဗေဒသုတေသနဌာနခွဲ၊ ဓာတုအဆိပ်ဗေဒသုတေသနဌာနခွဲ၊ ဇီဝအဆိပ်ဗေဒသုတေသနဌာနခွဲ၊ ဖြာထွက်ရောင်ခြည်အဆိပ်ဗေဒသုတေသနဌာနခွဲဟူ၍ ဌာနခွဲလေးခုရှိပြီး ယင်းဌာနခွဲများနှင့်တွဲဖက်၍ အဆိပ်သတင်းအခန်းနှင့် အဆိပ်စစ်ဆေးတိုင်းတာခြင်းဓာတ်ခွဲခန်းတို့ကို ပူးတွဲတည်ထောင်ထားကြောင်း သိရသည်။

မျိုးပွားကျန်းမာရေး သိလိုရာမေး

"မျိုးပွားကျန်းမာရေးနှင့်ပတ်သက်သော သင်သိလိုသည်များကို တယ်လီဖုန်းအမှတ် ၀၁-၃၇၅၅၆၅သို့ ရုံးဖွင့်ရက်များတွင် နံနက် ၁၀နာရီမှ ညနေ ၃ နာရီအတွင်း ဆက်သွယ်မေးမြန်းဆွေးနွေးနိုင်ပါသည်"ဆိုသည့် နှိုးဆော်စာပိုဒ်လေးတစ်ခုကို တွေ့မိသည်။

ယင်းနှင့်ပတ်သက်၍ ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်) လူမှုဆေးပညာသုတေသနဗဟိုဌာနမှ သုတေသနမှူး/ဌာနခွဲမှူး ဒေါက်တာကိုကိုဇော်က "အမေးအများဆုံးကတော့ သားသမီးမရနိုင်တဲ့ကိစ္စတွေ အမေးများတယ်။ ဒုတိယအမေးအများဆုံးကတော့ သားဆက်ခြားနည်းလမ်းတွေနဲ့ပတ်သက်ပြီး မေးမြန်းတာရှိပါတယ်။ နောက်တစ်ခုက လိင်မှုဆိုင်ရာကိစ္စတွေမှာ မေးမြန်းကြပါတယ်။ အဲဒါတွေက သူတို့အတွက် အကျိုးရှိစေခဲ့တယ်လို့ သိရတယ်။ သိသင့်တဲ့ဗဟုသုတတွေကို ဒီမှာ မေးမြန်းရာကနေ သိရှိရတယ်လို့လည်း ပြန်လည်သိရှိရပါတယ်။ ထိရောက်မှုအနေအထားကတော့ အခုအချိန်ထိ ရုံးပိတ်ရက်နုတ်ပြီး ရက်ပေါင်း ၄၀၀ ကျော်မှာ မေးမြန်းသူ ၁၅၀၀ နီးပါးရှိပါပြီ။ တစ်နေ့သုံးယောက်ကနေ လေးယောက်အထိ မေးမြန်းလာတာ တွေ့ရပါတယ်" ဟု ရှင်းလင်းပြောကြားသည်။

ထိုသို့ ပြည်သူလူထုအနေဖြင့် မျိုးပွားကျန်းမာရေးနှင့်ပတ်သက်၍ သိလိုသည်များကို မေးမြန်းလာသည့်အပေါ်တွင် ပြန်လည်ဖြေကြားဆွေးနွေးပြီးသည့်နောက် မိမိတို့ဖြေကြားဆွေးနွေးချက်ကို သိရှိနားလည်မှုရှိ၊ မရှိကိုလည်း ပြန်လည်မေးမြန်းခြင်း၊ ကျေနပ်စေသည်အထိဖြေကြားပေးခြင်းတို့ကိုလုပ်ဆောင်ပေးကြောင်း၊ ယခု မေးမြန်းလာမှုများတွင် အကြောင်းအရာသည် နည်းနေသေးကြောင်း၊ မျိုးပွားကျန်းမာရေးနှင့် ပတ်သက်၍ ဆယ်ကျော်သက်မျိုးပွားကျန်းမာရေး၊ မိသားစုစီမံကိန်း၊ ကိုယ်ဝန်ဆောင်ခြင်း၊ လိင်ဆက်ဆံရာမှ ကူးစက်တတ်သောရောဂါများ၊ အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်၊ မျိုးပွားလမ်းကြောင်း ကင်ဆာများ၊ အမျိုးသမီးရောဂါများနှင့် လိင်မှုဆိုင်ရာ အကြောင်းအရာများကို မေးမြန်းနိုင်ကြောင်း၊ မျိုးပွားကျန်းမာရေးအနေဖြင့် အသိပညာပေးခြင်း၊ တိုင်ပင်ဆွေးနွေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးသူထံ ညွှန်းပို့ခြင်းတို့ကို ဆောင်ရွက်ပေးကြောင်း ဒေါက်တာကိုကိုဇော်က ထပ်လောင်းပြောကြားသည်။

ညွှန်ကြားရေးမှူး ဒေါက်တာမြတ်ဘုန်းကျော် အဆိပ်အတောက်နှင့် ပတ်သက်၍ ရှင်းပြစဉ်။

မျိုးပွားကျန်းမာရေးနှင့်ပတ်သက်၍ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)အနေဖြင့် ကျန်းမာရေးဦးစီးဌာနနှင့် ပူးပေါင်းလုပ်ဆောင်လျက်ရှိပြီး နောက်ပိုင်းတွင် အင်တာနက်၊ အီးမေးလ်များဖြင့် မေးမြန်းဆွေးနွေးနိုင်စေရန်လည်း စီစဉ်ဆောင်ရွက်ပေးနိုင်ရန်အတွက် ကြိုးပမ်းလုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူလူထု ကျန်းမာရေး အသိပညာဗဟုသုတများ တိုးပွားစေရန်၊ ကျန်းမာရေးစောင့်ရှောက်မှုတွင် ထိရောက်မှုရှိစေရန် အသိပညာများ ဖြန့်ဝေပေးလျက်ရှိသည်။ ထိုသို့ သက်ဆိုင်ရာအဖွဲ့အစည်းအနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် အသိပညာပေးခြင်း၊ ကာကွယ်ကုသခြင်းတို့ကို လုပ်ဆောင်ပေးလျက်ရှိသကဲ့သို့ ပြည်သူလူထုအနေဖြင့်လည်း မိမိတို့ ကိုယ်စိတ်နှစ်ပါး အစဉ်အမြဲကျန်းမာနေစေရန်အတွက်မှာ မိမိတို့ကိုယ်တိုင်လည်း ကျန်းမာရေး အသိရှိရှိဖြင့် ကျင့်ကြံနေထိုင်ရန်လိုအပ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို) ဒုတိယအကြိမ်မြောက် အသက်(၈၀)နှင့်အထက် ဂီတပညာရှင်ကြီးများအား ပူဇော်ကန်တော့ပွဲ ကျင်းပ

ဝန်ကြီး ဦးကျော်ဆန်း တက်ရောက်၍ အလှူငွေနှင့် ကန်တော့ပစ္စည်းများပေးအပ်

ရန်ကုန် ဇန်နဝါရီ ၁၇

မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို) ဒုတိယအကြိမ်မြောက် အသက်(၈၀) နှင့်အထက် ဂီတပညာရှင်ကြီးများအား ပူဇော်ကန်တော့ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မြို့တော်ခန်းမဥ္စကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း တက်ရောက်၍ သက်ကြီးဂီတပညာရှင်ကြီးများအား ကန်တော့ကာ အလှူငွေနှင့် ကန်တော့ပစ္စည်းများကို ပေးအပ်သည်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း ကန်တော့ခံ သက်ကြီး ဂီတပညာရှင်ကြီးများအား အလှူငွေနှင့် ကန်တော့ပစ္စည်းများကို ဂါရဝပြု လက်ရောက်ပေးအပ်စဉ်။ (သတင်းစဉ်)

တက်ရောက်

အခမ်းအနားသို့ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်း၊ ဒုတိယမြို့တော်ဝန် ဦးမောင်ပါ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ ကန်တော့ခံ အသက်(၈၀)နှင့်အထက် ဂီတပညာရှင်ကြီးများ၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို) ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ သဘင်ပညာရှင်များ အစည်းအရုံးနှင့် မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံးတို့မှ တာဝန်ရှိသူများ၊ မြို့နယ် ဂီတအစည်းအရုံးများမှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ အလှူရှင်များ၊ အလွှာအသီးသီးမှ ဂီတပညာရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် မြန်မာနိုင်ငံဂီတအစည်းအရုံး (ဗဟို) ရုံးအဖွဲ့မှူး ဗဟိုအမှုဆောင် ဦးမျိုးတင့်က ဆောင်ရွက်ပြီး အခမ်းအနားအစီအစဉ်များကို ဖတ်ကြားကြေညာသည်။

အလှူငွေပိုမိုရရှိ

ရှေးဦးစွာ မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)ဥက္ကဋ္ဌ ဦးမောင်မောင်လတ်(နောင်)က သက်ကြီးဂီတ ပညာရှင်ကြီးများ ပူဇော်ကန်တော့ပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်များနှင့် ကျေးဇူးတင်စကားပြောကြားရာ၌ ယခုနှစ်ကျင်းပသည့် အခမ်းအနားတွင် အလှူရှင်များ၏ စေတနာ သဒ္ဓါတရားထက်သန်စွာ လှူဒါန်းခဲ့မှုကြောင့် အလှူငွေများ ပိုမိုရရှိခဲ့ပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး၏ မှာကြားမှုနှင့်အညီ သက်ကြီး ဂီတပညာရှင်ကြီးများအား နှစ်စဉ် ပူဇော်ကန်တော့ပွဲ ကျင်းပရုံသာမက သက်ကြီးဂီတပညာရှင်ကြီးများ၏ ကျန်းမာရေးဆိုင်ရာ ထောက်ပံ့မှု၊ နွမ်းပါးသူများအား လစဉ်ထောက်ပံ့မှုတို့ဆောင်ရွက်ရန် ဂီတသင်္ဂဟ ရန်ပုံငွေအဖြစ် ငွေပဒေသာပင် စိုက်ထူထားပါကြောင်း၊ လှူဒါန်းခဲ့ကြသည့် အလှူရှင်များအား ကျေးဇူးတင်ရှိပါကြောင်း၊ အထူးသဖြင့် ယခုနှစ်တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက ကန်တော့ခံ သက်ကြီးဂီတပညာရှင်ကြီးများအား တစ်ဦးလျှင် ငွေကျပ်ငါးသောင်းစီလှူဒါန်းခဲ့ပြီး စာပေပညာရှင်များ၊ ဂီတနှင့် အနုပညာရှင်များ၏ လိုအပ်ချက်များကို ဖြည့်ဆည်းထောက်ပံ့နိုင်ရန်အတွက် ငွေပဒေသာပင်တစ်ခု စိုက်ထူထားကာ နှစ်စဉ်လှူဒါန်းသွားမည့် အစီအစဉ်ကိုကြားသိရ၍ ဝမ်းမြောက်ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

မိတ်ဆက်ပေး

ယင်းနောက် မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)ဥက္ကဋ္ဌ ဦးမောင်မောင်လတ်(နောင်)က အခမ်းအနားသို့ တက်ရောက်လာကြသော အသက်(၈၀)နှင့်အထက် သက်ကြီးဂီတပညာရှင်ကြီးများအား ပရိသတ်နှင့် မိတ်ဆက်ပေးသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို) အတွင်းရေးမှူး ဒေါက်တာကိုကိုလွင်က သက်ကြီးဂီတပညာရှင်ကြီးများ ပူဇော်ကန်တော့ပွဲအတွက် လှူဒါန်းကြသည့် အလှူရှင်များစာရင်းကို ဖတ်ကြားတင်ပြသည်။

ယင်းနောက် ဝန်ကြီး ဦးကျော်ဆန်းနှင့်အဖွဲ့ဝင်များ၊ တက်ရောက်လာကြသူများက ကန်တော့ခံသက်ကြီးဂီတပညာရှင်ကြီးများအား မြန်မာ့ရိုးရာ ဓလေ့ထုံးတမ်းအစဉ်အလာနှင့် အညီ ကန်တော့ချိုးဖြင့် လက်အုပ်ချီမိုး ရှိခိုးကန်တော့ကြသည်။

ထို့နောက် ဝန်ကြီး ဦးကျော်ဆန်းက ကန်တော့ခံသက်ကြီးဂီတပညာရှင်ကြီးများဖြစ်ကြသည့် ဦးမောင်မောင် (ဘင်ဂျိုမောင်မောင်)၊ ဦးတင့်အောင်(ဗိုလ်ကလေးတင့်အောင်)၊ ဦးကျော်ဆန်း (သုခိအောင်)၊ ဒေါ်ကြည်ကြည် (ဟသ်ာကြည်)၊ ဦးလှအောင် (တယောဦးလှအောင်)၊ ဦးမောင်သွင်(တယောဦးသွင်)နှင့် ဦးလှစိန်တို့အား ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၏ လှူဒါန်းငွေကျပ် ၅၀၀၀၀ စီနှင့် မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)၏ လှူဒါန်းငွေများအပါအဝင် စုစုပေါင်း လှူဒါန်းငွေကျပ် ၂၀၀၀၀၀ စီနှင့် ကန်တော့ပစ္စည်းများကို ဂါရဝပြုလက်ရောက် ပေးအပ်သည်။

ရန်ကုန်မြို့တော်ဝန် ဦးအောင်သိန်းလင်း ကန်တော့ခံသက်ကြီး ဂီတပညာရှင်ကြီးများအား အလှူငွေနှင့် ကန်တော့ပစ္စည်းများကို ဂါရဝပြု လက်ရောက်ပေးအပ်စဉ်။ (သတင်းစဉ်)

ဆက်လက်၍ မြို့တော်ဝန်၊ ဒုတိယမြို့တော်ဝန်၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများက ပူဇော်ကန်တော့ခံ သက်ကြီးဂီတပညာရှင်ကြီးများအား လှူဒါန်းငွေနှင့် ကန်တော့ပစ္စည်းများကို ဂါရဝပြု လက်ရောက်ပေးအပ်ကြသည်။

ထို့နောက် ပူဇော်ကန်တော့ခံ သက်ကြီးဂီတပညာရှင်ကြီးများကိုယ်စား စာရေးဆရာ၊ ဒါရိုက်တာ၊ ဂီတပညာရှင် ဗိုလ်ကလေးတင့်အောင်က ကျေးဇူးတင်စကားပြောကြားရာ၌ ယနေ့ အခမ်းအနားသို့ ကြွရောက်လာကြသူများ၊ အလှူရှင်များအားလုံး ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့ကြစေရန် ဆုတောင်းမေတ္တာပို့ပါကြောင်း၊ ဂီတအနုပညာရှင်များအနေဖြင့် ဂီတအနုပညာ စွမ်းအားမြင့်မားတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြသကဲ့သို့ မိမိတို့၏ ဆိုင်ရာဆိုင်ရာ အမျိုးသားရေးတာဝန်များကိုလည်း မလစ်ဟင်းအောင် ကြိုးပမ်းထမ်းဆောင်ကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

အခမ်းအနားအပြီးတွင် ဝန်ကြီး ဦးကျော်ဆန်းသည် အခမ်းအနားသို့ တက်ရောက်လာကြသော ကန်တော့ခံ သက်ကြီးဂီတပညာရှင်ကြီးများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယခုနှစ်တွင် အသက်(၈၀)နှင့်အထက် ပူဇော်ကန်တော့ခံ သက်ကြီးဂီတ ပညာရှင်ကြီးများ ၄၆ ဦးရှိပြီး ယနေ့ အခမ်းအနားသို့ ပူဇော်ကန်တော့ခံ သက်ကြီး ဂီတပညာရှင်ကြီး ၃၆ ဦးတို့ တက်ရောက်ကြသည်။

အခမ်းအနားသို့ မတက်ရောက်နိုင်ကြသည့် ပူဇော်ကန်တော့ခံသက်ကြီး ဂီတပညာရှင်ကြီးများအား မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)မှ ဗဟိုအမှုဆောင်များက အိမ်တိုင်ရာရောက် လိုက်လံကန်တော့သွားမည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ... တက်ရောက်လာကြသူများက ကန်တော့ခံ... မြန်မာ့ရိုးရာ ဓလေ့ထုံးတမ်းအစဉ်အလ... ကန်တော့ကြစဉ်။ (အပေါ်ဝဲပုံနှင့် အပေါ်...

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းနှင့်အဖွဲ့ဝင်များ၊ တက်ရောက်လာကြသူများက ကန်တော့ခံသက်ကြီးဂီတပညာရှင်ကြီးများအား မြန်မာ့ရိုးရာ ဓလေ့ထုံးတမ်းအစဉ်အလာနှင့်အညီ လက်အုပ်ချီမိုး ရှိခိုး ကန်တော့ကြစဉ်။ (အပေါ်ဝဲပုံနှင့် အပေါ်ပုံ) (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း ကန်တော့ခံ သက်ကြီး ဂီတပညာရှင်ကြီးများအား အလှူငွေနှင့် ကန်တော့ပစ္စည်းများကို ဂါရဝပြု လက်ရောက်ပေးအပ်စဉ်။ (သတင်းစဉ်)

မြင့်မားတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြသကဲ့သို့ မိမိတို့၏ ဆိုင်ရာဆိုင်ရာ အမျိုးသားရေးတာဝန်များကိုလည်း မလစ်ဟင်းအောင် ကြိုးပမ်းထမ်းဆောင်ကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

အခမ်းအနားအပြီးတွင် ဝန်ကြီး ဦးကျော်ဆန်းသည် အခမ်းအနားသို့ တက်ရောက်လာကြသော ကန်တော့ခံ သက်ကြီးဂီတပညာရှင်ကြီးများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယခုနှစ်တွင် အသက်(၈၀)နှင့်အထက် ပူဇော်ကန်တော့ခံ သက်ကြီးဂီတ ပညာရှင်ကြီးများ ၄၆ ဦးရှိပြီး ယနေ့ အခမ်းအနားသို့ ပူဇော်ကန်တော့ခံ သက်ကြီး ဂီတပညာရှင်ကြီး ၃၆ ဦးတို့ တက်ရောက်ကြသည်။

အခမ်းအနားသို့ မတက်ရောက်နိုင်ကြသည့် ပူဇော်ကန်တော့ခံသက်ကြီး ဂီတပညာရှင်ကြီးများအား မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)မှ ဗဟိုအမှုဆောင်များက အိမ်တိုင်ရာရောက် လိုက်လံကန်တော့သွားမည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

ပြည်မြန်မာသတင်းဂျာနယ် ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၁၇

ပြည်မြန်မာသတင်းဂျာနယ် အမှတ်(၇၅၂)ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉)လမ်းထောင့် Central Tower ပထမထပ်ရှိ SweSone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီ ဖြစ်သည်။

ယခုတစ်ပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ "အကယ်ဒမီဆုပေးပွဲကြီး၌ ဗန်းကိုင်မည့်သူများနှင့် တွေ့ဆုံခြင်း၊ အနုပညာရှင်တို့၏ အကယ်ဒမီရင်ခုန်သံများ၊ မြန်မာများ ဗန်ကောက်မြို့တွင် ထိုင်းနိုင်ငံသား ခံယူစရာမလိုဘဲ ကွန်ဒိုတိုက်ခန်းဝယ်နိုင်ပြီ၊ ဂျပန်နှင့်တောင်ကိုရီးယားမှ ကားကုမ္ပဏီများ ရင်းနှီးမြှုပ်နှံရန်ကမ်းလှမ်း၊ မြင်းကောင်ရေ ၅၀၀ အားရှိ သင်္ဘောကြီးကို ရေဓာတ်ငွေ့ဖြင့် မောင်းနှင်တော့မည်၊ နိုင်ငံတကာ စာမဲ့ကာတွန်း ပထမဆုကို မြန်မာမှ ပထမဆုံးရရှိ၊ အလုပ်ရှင်နှင့် အလုပ်သမားများကို အွန်လိုင်းပေါ်တွင် တိုက်ရိုက်ချိတ်ဆက်နိုင်မည့် အလုပ်ရှာဖွေရေးဝက်ဘ်ဆိုက်လွှင့်တင်၊ ဗီဒီယိုစနစ်ပါဝင်သော ဟန်းဆက်ကို ပြည်တွင်း၌ စတင်ထုတ်လုပ်၊ တန်ဖိုးနည်း ကွန်ဒိုအခန်းများ ပထမဆုံးအကြိမ် ရောင်းမည်၊ ကိုရီးယားမင်းသားကီဘမ်း(F4) နှင့် မင်းသမီးဆောင်ယူရီ(နှင်းပွင့်ဧကရီ)တို့ တော်ဝင်စင်တာဖွင့်ပွဲအမီ မလာနိုင်တော့၊ စင်ကာပူနှင့် မလေးရှားတွင် ကျင်းပမည့် မြန်မာအနုပညာရှင်များ၏ အကြီးဆုံး ဂီတဖျော်ဖြေပွဲကြီးကို MRTV-4 နှင့် MI Channel တွင် ပြသပေးမည်၊ ပထမဆုံးအကြိမ်မြန်မာ့အတူဆုံး အမြှာများရွေးချယ်ပွဲကျင်းပ၊ ကမ္ဘောဇမှ နေပြည်တော်အသင်းသို့ ခံစစ်မှူးမိုးဝင်း တစ်လကျပ် ၂၅ သိန်းဖြင့် အမြင့်ဆုံးစံချိန်တင်ပြောင်းရွှေ့၊ အပြင်းစားအက်စစ်များ တင်ဆောင်လာသော သင်္ဘောတိမ်းမှောက်၊ နပိုလီယံနန်းတက်ပွဲ ကျင်းပခဲ့ရာ ပါရီက ဘုရားကျောင်းကြီးသို့ သဘာဝဘေးအန္တရာယ်များအားလုံးကို ခံနိုင်မည့် အနာဂတ်ဟိုတယ်၊ အရက်မူးနေခြင်းကြောင့် ငှက်များ မြေပြင်သို့ အစုပြုံလိုက် ပြုတ်ကျသေဆုံးခဲ့ဟုဆို၊ မြစ်ရေများက တောက်ပသော အစိမ်းရောင်အဖြစ်ပြောင်းလဲသွားခဲ့၊ နှင်းပုံကြီးအောက်က ဧရာမအပေါက်ကြီးထဲသို့ ကုန်တင်ကားကြီးတစ်စီး ကျရောက်ပျောက်ကွယ်သွား" စသည့် စိတ်ဝင်စားဖွယ်သတင်းများဖြင့် ဖြန့်ချိလိုက်ကြောင်းသိရသည်။

(သတင်းစဉ်)

(၁၇) ကြိမ်မြောက်
မြန်မာနိုင်ငံဆရာဝန်ညီလာခံ



(၂၀၁၁) ခုနှစ်၊ ဇန်နဝါရီလ (၁၉)ရက် မှ (၂၅)ရက်နေ့အထိ
အမှတ်-၂၄၉၊ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၈-၁-၂၀၁၁ (အင်္ဂါနေ့)

AM & PM

- ၅:၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+မေတ္တာသုတ်
- ၅:၂၀ MRTV-4 သတင်း
- ၅:၅၀ "မိဘကျေးဇူးဆပ်ဖူးပြီလား" တရားတော် (မဏိရတနာဆရာတော် ဘဒ္ဒန္တပဏ္ဍိတ)
- ၆:၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၁၃၉)**
- ၇:၃၀ MRTV-4 သတင်း
- ၈:၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၀၆)**
- ၈:၄၀ ၂၀၀၉ ခုနှစ် အကယ်ဒမီ အကြိုရင်ခုန်သံများ
- ၈:၅၅ သောက်သုံးရေလုံလောက်စွာ ဖြန့်ဖြူးနိုင်ရေးမြို့တော်စည်ပင် အလေးပေး
- ၉:၁၀ Wedding Season (ပြေတီဦးနှင့် အိန္ဒြာကျော်ဇင်တို့၏ မင်္ဂလာရက်မြတ်များဆီသို့)
- ၉:၃၀ Cartoon Show Time (DESPICABLE ME)
- ၁၀:၁၀ ၁၉၆၇-၇၁ ပညာသင်နှစ် စီးပွားရေးတက္ကသိုလ် အာစရိယပူဇော်ပွဲအခမ်းအနား
- ၁၀:၃၀ SONY & Camera မိတ်ဆက်ပွဲ နှင့် ဓာတ်ပုံရိုက်ပြိုင်ပွဲ
- ၁၀:၄၀ Celebrity Style (နဝရတ်)
- ၁၀:၅၅ Activities in The City (Grundfos Lifelink Seminar)
- ၁၁:၂၀ သင်ကြားရေးလမ်းညွှန် (Naruto International Foreign Language & Education Academy)
- ၁၁:၄၀ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂:၀၅ ရန်ကုန်မြင်ကွင်းကျယ် (Ruby Mart ကလေးများပျော်ပွဲရွှင်ပွဲ)
- ၁၂:၁၅ ထာဝရမြင့်မားနေမည့် မြတ်ဆရာများ၏ဂုဏ်ရည်
- ၁၂:၄၀ ရန်ကုန်မြင်ကွင်းကျယ် (ရန်ကုန်စက်မှုတက္ကသိုလ် ၁၉၆၄-၆၅ ကျောင်းသား၊ ကျောင်းသူများ၏ ဒွိဒသမ အကြိမ်အာစရိယပူဇော်ပွဲ)
- ၁:၀၀ "မိဘကျေးဇူးဆပ်ဖူးပြီလား" တရားတော် (မဏိရတနာဆရာတော် ဘဒ္ဒန္တပဏ္ဍိတ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၂၀ ပရိယတ္တိသာသနာ့ ဝန်ဆောင်ဆရာတော်ကြီးများ အားပူဇော်ပွဲနှင့်သြဝါဒခံယူပွဲ အခမ်းအနား
- ၂:၅၅ တေးဂီတအစီအစဉ်
- ၃:၁၀ ရန်ကုန်မြင်ကွင်းကျယ် (ဘူမိဗေဒကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲ)
- ၃:၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၁၃၉)**
- ၄:၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၀၆)**
- ၄:၄၅ Activities in The City (ပညာတန်ဆောင်စာပေပြိုင်ပွဲ ဆုနှင်းသဘင်အခမ်းအနား)
- ၅:၁၀ The Champion of Dance
- ၅:၃၀ MRTV-4 ကာတွန်းအစီအစဉ်
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ Wedding Season (ပြေတီဦးနှင့် အိန္ဒြာကျော်ဇင်တို့၏ မင်္ဂလာရက်မြတ်များဆီသို့)
- ၆:၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၁၄၀)**
- ၇:၁၅ Celebrity Choice (L လွန်းဝါ)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ အနုပညာမိုးကောင်းကင်
- ၈:၅၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၉:၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၀၇)**
- ၁၀:၁၀ International Show Biz
- ၁၀:၂၅ နာတာရှည်ကျောက်ကပ်အလုပ်မလုပ်(သို့)အားနည်းရောဂါ အကြောင်း(ပါမောက္ခဒေါက်တာခင်မောင်ဌေး)
- ၁၀:၅၀ World of Knowledge (Is It Realk King Aurthur)
- ၁၁:၄၀ စားဖွယ်အဖုံဖုံမုန့်မျိုးစုံ (ချိုချိုဆိမ့်ဆိမ့်ကိတ်လိပ်ပြုလုပ်နည်း)
- ၁၁:၅၀ Movie Mistakes (Mr & Mrs Smith)
- ၁၂:၁၅ ကြိုတင်ပြင်ဆင်ဆောင်ရွက်လျှင် အန္တရာယ်ကင်းစင်မွေးမိခင် (ထွန်းထွန်းဝင်း၊ မေသန်းနု၊ ဖိုးသောကြာ၊ ပပဝင်းခင်) [ဒါရိုက်တာ-အောင်မိုး(ပဲရစ်)]
- ၁၂:၂၅ ဘဝများ (တင်မိုးလွင်)
- ၁၂:၅၅ Man And The Elephant (အပိုင်း-၂)
- ၁:၃၀ နုယဉ်ဆန်းထွင်ပန်းအလှဆင် (Diamond ပုံပန်းအိုးထိုးနည်း)
- ၂:၀၅ လွယ်ကူမြန်ဆန်စေရာ. . . စံမြန်မာ
- ၂:၂၀ Let's Dance (The Uranium Dance Studio)
- ၂:၄၅ ဘယ်သူ့ကိုအချစ်ဆုံးလဲ (တေဇ၊ ခိုင်ပွင့်၊ မင်းသူ၊ ထွန်းထွန်းအောင်၊ ချမ်းသာ) [ဒါရိုက်တာ-သုတ(မော်ကွန်း)]
- ၃:၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၄:၀၀ Shooting Location (ဦးမောင်မောင်ကြီးအိမ်)
- ၄:၂၀ ပြင်ဦးလွင်သို့အလည်တစ်ခေါက်
- ၄:၃၀ ထန်းပင်မှဖြစ်သည့်အနုပညာ (ထန်းပန်းချီ)
- ၄:၄၀ သာယာချိုအေး (၃၈)ဖြာမင်္ဂလာတေး (လူမိုက်နှင့်ကင်း ချမ်းသာခြင်း)
- ၄:၅၀ ရှေးမူလက်ရာ လေ့လာစရာ ဖိုလ်ဝင်နှင့် ရွှေဘတောင်တော်မှာ
- ၅:၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မင်းကင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က စာတိုက်လမ်း ကတ္တရာ ထပ်ပိုးလွှာခင်းနေမှုကို မြို့နယ်ဥက္ကဋ္ဌ ဦးကိုကိုလတ်၊ အမှုဆောင်အရာရှိ ဦးကျော်တင်မောင်မောင်တို့ ကွင်းဆင်းစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

ရန်ကုန် ပညာရေးတက္ကသိုလ် (၁၆)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၁၇

ရန်ကုန်ပညာရေးတက္ကသိုလ်၏ (၁၆)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၉ ရက် (စနေနေ့) နံနက် ၉ နာရီတွင် တက္ကသိုလ်များ ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းနေဖက် မိတ်ဆွေများအားလုံး တက်ရောက်ပါရန်နှင့် မြတ်ဆရာပူဇော်ပွဲအတွက် ကုသိုလ်ပြုလိုပါက ဒေါက်တာလွင်လွင်စိုး(ရန်ကုန်ပညာရေးတက္ကသိုလ်) ဖုန်း-၅၀၃၉၀၄၊ ဦးဝင်းကို ဖုန်း-၅၃၄၄၆၉၊ ဦးအုန်းမြင့် ဖုန်း-၀၉-၈၀၂၄၁၉၄၊ ဒေါ်တင်တင်ရှု(DEPT) ဖုန်း-၅၅၇၃၀၉၊ ဦးအေးကြိုင် (ဦးစီး-၁) ဖုန်း-၅၅၇၆၄၃၊ ဦးမင်းကျော်ဝေ (ဦးစီး-၁) ဖုန်း-၅၄၄၉၈၀၊ ဦးစံထိုက် (ဦးစီး-၂) ဖုန်း-၀၂-၆၆၄၀၂၊ ဦးကျော်ဝင်းမြင့်(ဦးစီး-၃) ဖုန်း-၂၁၀၀၂၆၊ ဒေါ်ကြူကြူရွှေ (ဦးစီး-၃) ဖုန်း-၅၅၄၉၆၄၊ ဦးရှိန်းလိန်းအောင် ဖုန်း-၅၆၄၂၃၁၊ ဒေါ်ခင်စန်းမြင့် ဖုန်း-၅၄၂၃၁၇၊ ဒေါ်ရီရီဝင်း ဖုန်း-၂၄၆၃၁၉နှင့် ဦးကျော်ဝင်း ဖုန်း-၀၂-၃၉၁၇၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

တတိယအကြိမ် ဒင်္ဂုံရွှေအောင်လံပြိုင်ပွဲကြီး ကျင်းပပြီးစီး

စောငမန်းက ဖိုးကေကို အနိုင်ယူ၍ တတိယမြောက် အောင်လံဆွတ်ခူး

ဆောင်းပါးနှင့်ဓာတ်ပုံ
ဇင်လင်းထွန်း(ဓနုဖြူ)

မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူး၍ ဒဂုံဗျူရိုကုမ္ပဏီလီမိတက်၏ အဓိကမတည်ပံ့ပိုးမှုဖြင့် H & S Group မှ ဦးဌေးဝင်းနှင့် ဦးစိုင်းဇော်ဇော်တို့ တာဝန်ယူစီစဉ်သည့် တတိယအကြိမ် ဒဂုံရွှေအောင်လံ မြန်မာ့ရိုးရာလက်ဝှေ့ ပြိုင်ပွဲကြီး(၂၀၁၁) အောင်လံဗိုလ်လုပွဲများကို ဇန်နဝါရီ ၁၆ ရက် (တနင်္ဂနွေနေ့) ညနေ ၃ နာရီမှစတင်၍ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပခဲ့ရာ အလွတ်တန်း ဒဂုံရွှေအောင်လံအတွက် လက်ရှိထပ်ဆင့်အောင်လံဆုရှင် စောငမန်း (Ever Green) က ဖိုးကေ(မန္တလေး)ကို အမှတ်ဖြင့်၊ ဒုတိယတန်း ဒဂုံရွှေအောင်လံအတွက် ရွှေခါးပတ် ချန်ပီယံ သတ္တိအောင် (တောင်ကလေး)က ထပ်ဆင့်ရွှေခါးပတ်ချန်ပီယံ စိုးမိုးဟိန်း (မျိုးဆက်သစ်)ကို အလဲထိုးဖြင့် အောင်လံရယူခဲ့ကြသည်။ အထူး ဒဂုံရွှေအောင်လံကို ပြိုင်ဘက်လုံးချောလေး ပွဲမဝင်လာသဖြင့် စိုးလင်းဦးက ရရှိသွားသည်။

စိုးလင်းဦးသည် အောင်လံ မလုရသော်လည်း အထူးစိန်ခေါ်ပွဲ အဖြစ် ဒေါနအောင် (အဖြူရောင်သွေးသစ်)နှင့် ယှဉ်ပြိုင်ထိုးသတ်ရာ ငယ်ဂုဏ်နှင့် သက်လုံအသာစီးယူ၍ တတိယအချီမှ တိုက်စစ်မြှင့်နိုင်ခဲ့သည်။ ဒေါနအောင်က ကြိုးဝိုင်သမ္မာဖြင့် သရေပွဲရရန် ထိန်းသွားနိုင်သည်။ ဒုတိယတန်း ဒဂုံ ရွှေအောင်လံ ဗိုလ်လုပွဲတွင် စိုးမိုးဟိန်း (မျိုးဆက်သစ်)က ဆီမီးဖိုင်နယ် တွင် စောအုန်းမြင့်ကို အနိုင်ယူခဲ့သည့် နည်းဗျူဟာအတိုင်း အဆုတ်အရွှေ့များဖြင့် ကောင်တာထိုးပြီး အမှတ်ယူရန် ကြိုးစားသော်လည်း သတ္တိအောင်က ဆုတ်လမ်း ရွှေ့လမ်းများကို ပိတ်ကာ အနီးကပ် တိုက်စစ်ဖွင့်သောကြောင့် ထောင့်ပိတ်မိသော စိုးမိုးဟိန်း ပထမအချီ၌ အမှတ်စဉ်အရေခံရပြီး ဒုတိယအချီ ၂ မိနစ် ၄၉ စက္ကန့်တွင် ဘယ်ဒူးဖြင့် ပွဲသိမ်းခံလိုက်ရသည်။ ဒုတိယတန်း ဒဂုံရွှေအောင်လံဆုရှင် သတ္တိအောင်သည် ဇန်နဝါရီ ၉ ရက်က တောင်ကလေး ကရင်နှစ်သစ်ကူးပွဲတွင် မွေထိုင်း ကံဆရမ်းကို တတိယအချီ၌ အလဲထိုး အနိုင် ယူခဲ့သေးသည်။

အလွတ်တန်း ဒဂုံရွှေအောင်လံ ဗိုလ်လုပွဲတွင် လက်ရှိထပ်ဆင့် အောင်လံဆုရှင် စောငမန်းက ဖိုးကေကို တတိယ အချီအထိ အပူးအချုပ်များဖြင့် အသာစီးယူနိုင်ခဲ့သည်။ ဖိုးကေသည် ၎င်းအားကိုးသော ဝိုက်တွဲလက်သီး ထိုးခွင့်မသာဘဲ စောငမန်း၏ လျှက်တစ်ပြက် တစ်လုံးကောင်း လက်သီးပစ်ထိုးပြီး အတင်းဝင်ကပ်၍ ချုပ်လှည့်ဆွဲပစ်ခြင်း၊ ခြေကလန့်လဲ၍ ဖိချခြင်း၊ ဘေးတိုက် ဖွပ်ချခြင်း၊ ကိုင်ပေါက်ခြင်း သတ်ကွက်ထဲ၌ မျောပါနေခဲ့ရသည်။ စောငမန်းကလည်း နောက်ပိုင်း အချီများတွင် ချုပ်သိုင်းပိုင်၍ လုပ်တိုင်းနိုင်သည့် သတ်ကွက်မျိုးမဟုတ်တော့ဘဲ အပူးအဖက်သက်သက် ပုံစံမျိုးဝင်သွားသဖြင့် ပရိသတ်များ မကျေမနပ်ဖြစ်ရသည်။ သို့ရာတွင် ရွှေ့သုံးချီ၌ အမှတ်သဲ့ယူထားနိုင်ပြီး ဖိုးကေကလည်း သတ်ကွက်မပေါ်ခဲ့သဖြင့် ဒိုင်ငါးဦးစလုံးက စောငမန်းကို အနိုင်ပေးလိုက်ရသည်။ ပြိုင်ပွဲသုံးကြိမ်တွင် အောင်လံရရှိသော လက်ဝှေ့သမားအဖြစ် စောငမန်း တစ်ဦးတည်း စာရင်းဝင်သွားသည်။

လေးချီပွဲများတွင် အောင်သူရိန် (အဖြူရောင်သွေးသစ်)နှင့် ဖိုးလပြည့် (Ever Green)၊ စိုးမိုးအောင် (တောင်ကလေး) နှင့် သားစန်းနိုင်(နိုင်ခရာ)တို့ သရေပွဲ၊ ကြယ်စင်ဖြိုး (အဖြူရောင်သွေးသစ်)က စောသာဖို (တောင်ကလေး)ကို ဒိုင်ပွဲရပ်ဖြင့် အနိုင်ရရှိသွားသည်။ ငါးချီပွဲများတွင် သားကျောင်းသား(တောင်ကလေး)က စောသဲမင်း (မိုးသောက်ကြယ်)ကို ဒုတိယအချီ ၂ မိနစ် ၂၄ စက္ကန့်၌ ညာပင့်လက်သီးဖြင့် အလဲထိုးသကဲ့သို့ ရန်ဆက်နိုင် (တောင်ကလေး)ကလည်း မိုက်ခဲကျောက်ပွင့် (နိုင်ခရာ)ကို ပထမအချီ ၂ မိနစ် ၄၀ စက္ကန့်တွင် ညာပင့်လက်သီးဖြင့်ပင် ပွဲသိမ်းလိုက်သည်။

ဖိုးကေကို အနိုင်ယူပြီး သုံးထပ်ကွမ်း ဒဂုံရွှေအောင်လံဆုရှင် စောငမန်း ဟန်ရေးပြစဉ်။

ထပ်ဆင့် ဒဂုံရွှေအောင်လံဆုရှင် စိုးလင်းဦးနှင့် စီစဉ်သူ စိုင်းဇော်ဇော်တို့အား တွေ့ရစဉ်။

ITF 14 & Under Asian Championships 2011 Group (2)

တင်းနစ်ပြိုင်ပွဲနှင့်စပ်လျဉ်း၍ စာနယ်ဇင်းရှင်းလင်း

ရန်ကုန် ဇန်နဝါရီ ၁၇

၂၀၁၁ခုနှစ် ဇန်နဝါရီ ၂၂ ရက်မှ ဖေဖော်ဝါရီ ၂ ရက်အထိ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူတင်းနစ်ကွင်း၌ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် ITF 14 & Under Asian Championships 2011 Group (2) တင်းနစ်ပြိုင်ပွဲနှင့် စပ်လျဉ်းသည့် စာနယ်ဇင်း ရှင်းလင်းပွဲကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ တာမွေမြို့နယ် အရှေ့မြင်းပြိုင်ကွင်းလမ်း အမှတ်(၁၆-E)၌ ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်မော်သိန်းက အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)** ထို့နောက် ITF 14 & Under Asian Championships 2011 Group (2) တင်းနစ်ပြိုင်ပွဲ၏ Tournament Director မြန်မာ့လက်ရွေးစင် တင်းနစ်အားကစားသမားဟောင်း ဦးမောင်မောင်လေးက ပြိုင်ပွဲနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် စာနယ်ဇင်းများမှ တာဝန်ရှိသူများ၏ သိရှိလိုသော မေးမြန်းချက်များကို မြန်မာနိုင်ငံတင်းနစ် အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

အဆိုပါ လူငယ်တင်းနစ်ပြိုင်ပွဲသို့ ဘင်္ဂလားဒေ့ရှ်၊မလေးရှား၊ ဘူတန်၊ မော်လ်ဒိုက်၊နီပေါ၊ ပါကစ္စတန်၊ သီရိလင်္ကာ၊ ဗီယက်နမ်၊ မွန်ဂိုလီးယား၊ လာအို၊စင်ကာပူ၊ (West Asian ITF Team)နှင့် အိမ်ရှင်မြန်မာနိုင်ငံတို့မှ လူငယ်တင်းနစ်အားကစားသမားများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံတကာအားကစား

ဝင်းတင်(ကြေးမုံ)

တနင်္ဂနွေဒါဘီပွဲများနှင့် ပတ်သက်၍ အက်ဖ်အေ စုံစမ်းမည်

လန်ဒန် ဇန်နဝါရီ ၁၇

အင်္ဂလိပ် ပရီမီယာလိဂ်ပွဲစဉ်(၂၃) ဒုတိယနေ့၏ အစောပိုင်းပွဲစဉ်များ ဖြစ်သည့် ဆန်းဒါးလန်းနှင့် နယူးကာဆယ်၊ ဘာမင်ဂမ်နှင့် ဗီလာတို့ ယှဉ်ပြိုင်ကစားခဲ့သည့် ဒါဘီပွဲများနှင့် ပတ်သက်၍ အက်ဖ်အေက စုံစမ်းစစ်ဆေးမှုများ ပြုလုပ်သွားမည်ဟု ဆိုသည်။

ဆန်းဒါးလန်းနှင့် နယူးကာဆယ်တို့ပွဲတွင် ဆန်းဒါးလန်းအတွက် တိုက်စစ်မှူး အဆာမိုဂျန် ဂိုးသွင်းပြီးနောက် လူငယ်ပရိသတ်တစ်ဦးက နယူးကာဆယ် ဂိုးသမား စတိဗ်ဟာပါအား တွန်းထိုးခဲ့သည့်ဖြစ်ရပ်ဖြစ်ပွားခဲ့သည်။ အဆိုပါ လူငယ်အား ဆန်းဒါးလန်း ပရိသတ်များက ဝိုင်းဝန်းဖမ်းဆီးပြီး လုံခြုံရေးလက်သို့ အပ်နှံခဲ့သည်။ ၎င်းပြင် ယင်းပွဲစဉ်အတွင်း ဆိုးသွမ်းပရိသတ် ၂၄ ဦးကိုလည်း ဖမ်းဆီးထိန်းသိမ်းခဲ့ရသည်ဟု ဆိုသည်။ ထို့ပြင် ဘာမင်ဂမ်နှင့် ဗီလာတို့ပွဲတွင်လည်း ပရိသတ်များ၏ ရမ်းကားမှုကြောင့် လုံခြုံရေးရဲတပ်ဖွဲ့က မျက်ရည်ယိုဗုံးကိုအသုံးပြု၍ ထိန်းသိမ်းခဲ့ရသည်ဟုသိရသည်။ ယင်းဖြစ်စဉ်များနှင့် ပတ်သက်၍ အက်ဖ်အေက စုံစမ်း စစ်ဆေးသွားမည်ဟု သိရသည်။ ***အင်တာနက်။***

နယူးကာဆယ်ဂိုးသမားစတိဗ်ဟာပါအား ဆန်းဒါးလန်းပရိသတ် တစ်ဦး တွန်းထိုးနေစဉ်။



ဖနောင့်ကြော ခွဲစိတ်ကုသမှု ခံယူရမည့် အာဆင်နယ် နောက်ခံလူ ဗာမေလန်။

အာဆင်နယ်နောက်ခံလူ ဗာမေလန် ခြောက်ပတ်ခန့် ထပ်နားရမည်

လန်ဒန် ဇန်နဝါရီ ၁၇

အာဆင်နယ်ဗဟိုခံစစ်ကစားသမား ဗာမေလန်သည် ဖနောင့်ကြောဒဏ်ရာ ခွဲစိတ်ကုသရမည်ဖြစ်ခြင်းကြောင့် နောက်ထပ် ခြောက်ပတ်ခန့် ထပ်မံအနားယူရဦးမည်ဖြစ်သည်။ ၎င်းသည် အဆိုပါဒဏ်ရာအား ခွဲစိတ်ကုသရန်အတွက် ဆွီဒင်နိုင်ငံသို့ ဇန်နဝါရီ ၁၈ ရက်တွင် သွားရောက်မည်ဖြစ်သည်။

နည်းပြအာစင်ဝင်းဂါးက ဗာမေလန်၏ ဒဏ်ရာမှာ မကြာမီပြန်လည်ကောင်းမွန်လာတော့မည်ဟု ပြီးခဲ့သည့်ရက်အနည်းငယ်အတွင်းက ပြောကြားခဲ့သော်လည်း ယခုတွင်မူ ဗာမေလန်၏ ဖနောင့်ကြောဒဏ်ရာမှာ မဖြစ်မနေခွဲစိတ်ကုသရတော့မည်ဖြစ်ခြင်းကြောင့် ၎င်းမှာ အသင်းနှင့်ဝေးကွာနေရဦးမည်ဖြစ်သည်။ ယင်းအပြင် နောက်ခံကစားသမားတစ်ဦးဖြစ်သည့် စကွီလာစီမှာလည်း ဒဏ်ရာပြဿနာဖြင့် ရင်ဆိုင်နေရ၍ အာစင်ဝင်းဂါးအတွက် အခက်တွေ့နေရပြီဖြစ်သည်။ ထို့ကြောင့် အာဆင်နယ်အသင်းသည် ယခု ဇန်နဝါရီအပြောင်းအရွှေ့တွင် နောက်တန်းကစားသမားတစ်ဦး မဖြစ်မနေခေါ်ယူရန် လိုအပ်နေပြီဖြစ်သည်။ ***အင်တာနက်။***

ဘိုင်ယန်မြူးနစ်ကွင်းလယ်လူ မက်ခ်မန်ဘွန်မဲလ်အား ပေါင် ၂ ဒသမ ၅ သန်းဖြင့် လီဗာပူး ခေါ်ယူမည်

လီဗာပူး ဇန်နဝါရီ ၁၇

ဘိုင်ယန်မြူးနစ်ကွင်းလယ်ကစားသမား မက်ခ်မန်ဘွန်မဲလ် **(ယာပုံ)**အား ခေါ်ယူစာချုပ် ချုပ်ဆိုရန်အတွက် လီဗာပူးက ပေါင် ၂ ဒသမ ၅ သန်းဖြင့် ကမ်းလှမ်းထားကြောင်း ဆန်းဒေးတိုင်းမ်စ်တွင် ဖော်ပြထားသည်။

အသက် (၃၃)နှစ်အရွယ် နယ်သာလန်လက်ရွေးစင် ဘွန်မဲလ်နှင့် လက်ရှိအသင်းတို့ ချုပ်ဆိုထားသော စာချုပ်မှာ နွေရာသီတွင် သက်တမ်းကုန်ဆုံးမည်ဖြစ်သည်။ ထို့ကြောင့်လည်း အသင်းအနေဖြင့် ၎င်းအားရာသီကုန်တွင် အလွတ်ပြောင်းရွှေ့ခွင့်ပြုလိုက်ရခြင်းထက် ယခုအချိန်တွင် ရောင်းထုတ်ပစ်ဖွယ်ရှိသည်။

ဘွန်မဲလ်၏ ကိုယ်စားလှယ်က မကြာသေးခင်က ပြောကြားရာတွင် ၎င်းသည် အေစီမီလန်နှင့် အင်တာသို့ ပြောင်းရွှေ့သွားနိုင်ခြေရှိကြောင်း အစောပိုင်းက သတင်းများထွက်ပေါ်ခဲ့သော်လည်း အင်္ဂလန်သို့သာ ပြောင်းရွှေ့လိုကြောင်း၊ လီဗာပူး အသင်းအပြင် အက်စတွန်ဗီလာအသင်းကလည်း ဘိုင်ယန်ကွင်းလယ်လူအား စိတ်ဝင်စားနေကြောင်း ပြောကြားသွားသည်။ ***အင်တာနက်။***

စိုးတင့်နိုင်

အပြောင်းအရွှေ့ဈေးကွက် သတင်းရပ်ဝန်း

လန်ဒန် ဇန်နဝါရီ ၁၇

တော့တင်ဟမ်ဟော့စပါးအသင်းသည် နယူးကာဆယ်အသင်းတိုက်စစ်မှူး အန်ဒီကာရိုး**(ဝဲပုံ)**အား စံချိန်တင်ပြောင်းရွှေ့ကြေး ပေါင်သန်း ၃၀ ဖြင့် ကမ်းလှမ်းရန် အသင့်ဖြစ်နေပြီဟု ဆိုသည်။

နည်းပြအာစင်ဝင်းဂါးက ဘော်လ်တန်နောက်ခံလူ ဂါရီကာဟေးလ်အတွက် ပေါင်သန်းနှစ်ဆယ် အသုံးပြုချင်ဖွယ်မရှိသဖြင့် အာဆင်နယ်အသင်းသည် အဆိုပါ နောက်ခံလူအပေါ် အသင်း၏ စိတ်ဝင်စားမှုအား အဆုံးသတ်တော့မည်ဟု ဆိုသည်။ အာစင်ဝင်းဂါးသည် ကာဟေးလ်အစား ဘလက်ဘန်းမှ ခရစ္စတိုဖာဆမ်ဘာအား ခေါ်ယူရန် စဉ်းစားနေသည်ဟု ဆိုသည်။

လီဗာပူးအသင်းသည် အက်စတွန်ဗီလာအသင်းမှ တောင်ပံကစားသမား စတီးဝပ်ဒေါင်းနင်းအား ပေါင် ၁၀ သန်းဖြင့် ခေါ်ယူတော့မည်ဖြစ်သလို အိုင်းယက်စ် တိုက်စစ်မှူး ဆွာရက်ဇ်ကိုလည်း ကမ်းလှမ်းထားသည်ဟု ဆိုသည်။ ထို့ပြင် ဘိုင်ယန်မြူးနစ်၏ ကွင်းလယ် ကစားသမား မက်ခ်မန်ဘွန်မဲလ်သည်နည်းပြကန်နီဒန်းဂလစ် လက်ထက် ပထမဆုံး စာချုပ်ချုပ်ဆိုခံရမည့် ကစားသမားဟု သတင်းများထွက်ပေါ်နေသည်။

ဆန်းဒါးလန်းနည်းပြ စတိဗ်ဘရုစ်သည် မန်ယူအသင်းတိုက်စစ်မှူး မိုက်ကယ် အိုဝင်အား ခေါ်ယူရန် ပြင်ဆင်နေပြီဟု ဆိုသည်။ ထို့ပြင် ဘာမင်ဂမ်ကွင်းလယ်လူ ဆီဘက်ရှန်လာဆင်ကိုလည်း ခေါ်ယူဖွယ်ရှိသည်ဟု သတင်းထွက်နေသည်။ ***အင်တာနက်။***

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန
နေပြည်တော်

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ ဦးစီးဌာနတို့ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူ၊ ကျောင်းသားများအတွက် စာမေးပွဲ အထောက်အကူပြု သိမှတ်ဖွယ်ရာ သင်္ချာဘာသာသင်ခန်းစာကို ဖော်ပြလိုက်ပါသည်။

တက္ကသိုလ်ဝင် စာမေးပွဲ
သိမှတ်ဖွယ်ရာ သင်္ချာဘာသာ

[illegible]

[illegible]

[illegible]

[illegible]

function [illegible] f [illegible] g [illegible] $(g \circ f)(x) = g(f(x))$ [illegible] $g(f(x))$ [illegible] $g \circ (f(x))$ [illegible] circle [illegible]

[illegible] $(2 + 3x)^7$ [illegible] binomial [illegible] $(r + 1)$ [illegible]

$(r + 1)^{th}$ term of $(2 + 3x)^7 = {}^7C_r 2^{7-r} (3x)^r$

[illegible] 3x [illegible] $(r + 1)^{th}$ term [illegible]

$(2 + 3x)^7 = {}^7C_r 2^{7-r} (3x)^r$

[illegible]

[illegible]

$$(x - 1)(x - 2) < 0$$

[illegible] algebraic [illegible] and [illegible] or [illegible] and [illegible] or [illegible]

[illegible] calculus [illegible] $e^x \cos x$ [illegible] derivative [illegible] $\frac{d}{dx}(e^x \cos x)$ [illegible] $\frac{dy}{dx}(e^x \cos x)$ [illegible] $\frac{d}{dx}$ [illegible] $\frac{dy}{dx}$ [illegible]

[illegible] function [illegible] function [illegible] f [illegible] inverse [illegible] f^{-1} [illegible] derivative [illegible] f' [illegible] matrix [illegible] matrix [illegible] A [illegible] inverse [illegible] A^{-1} [illegible] transpose [illegible] A' [illegible] calculus [illegible] $\frac{dy}{dx}$ [illegible] $\frac{dy}{dx}$ [illegible] vector [illegible] vector [illegible] direction [illegible] (arrow) [illegible] vector [illegible] $\vec{a}$ [illegible] geometry [illegible] similarity [illegible] ~ [illegible] congruence [illegible] ≅ [illegible]

[illegible]

[illegible] $f(x) = 2x^2 - 5x + k$ [illegible] $x - 3$ [illegible] factor [illegible] k [illegible]

$$f(x) = 2x^2 - 5x + k$$

$x - 3$ is a factor of $f(x)$

$$\therefore f(3) = 0$$
$$18 - 15 + k = 0$$
$$k = -3$$

[illegible] factor [illegible] $f(3) = 0$ [illegible]

$$f(x) = 2x^2 - 5x + k$$
$$f(3) = 18 - 15 + k$$
$$= 3 + k$$
$$k = -3$$

[illegible] factor [illegible] $f(3) = 0$ [illegible]

[illegible] calculus [illegible] $\lim_{x \to 2} \frac{x^2 - 2x}{x^2 - 4}$ [illegible]

$$\lim_{x \to 2} \frac{x^2 - 2x}{x^2 - 4}$$
$$= \lim_{x \to 2} \frac{x(x - 2)}{(x - 2)(x + 2)}$$
$$= \lim_{x \to 2} \frac{x}{x + 2}$$
$$= \frac{2}{2 + 2}$$
$$= \frac{1}{2}$$

[illegible] "=" [illegible]

[illegible] $y = e^x \cos x$ [illegible] derivative [illegible]

$\frac{dy}{dx} = e^x \cos x + e^x(-\sin x)$ [illegible] $-\sin x$ [illegible] $-\sin x$ [illegible] $2x^2 + 3y^2$ [illegible] 4x [illegible] $(2x^2 + 3y^2)4x$ [illegible] $2x^2 + 3y^2$ [illegible] $2x^2 + 3y^2$ [illegible]

[illegible]

$x * y = 3x^2 - 5xy + 3y^2$ [illegible] binary operation [illegible] commutative [illegible]

$$x * y = 3x^2 - 5xy + 3y^2$$
$$y * x = 3y^2 - 5yx + 3x^2$$
$$= 3x^2 - 5xy + 3y^2$$
$$\therefore x * y = y * x$$

$\therefore$ * is commutative.

[illegible] $x * y = y * x$ [illegible] commutativity [illegible]

[illegible] $f(x) = x^3 - 3x^2 + 5x - 9$ [illegible] $x - 3$ [illegible] (remainder) [illegible]

$$f(x) = x^3 - 3x^2 + 5x - 9$$

$f(x)$ is divided by $x - 3$

$$f(3) = 27 - 27 + 15 - 9$$
$$= 6$$
$$\therefore \text{remainder} = 6$$

[illegible]

[illegible]

$$f(x) = x^3 - 3x^2 + 5x - 9$$

$f(x)$ is divided by $x - 3$

$$f(3) = 27 - 27 + 15 - 9$$
$$= 6$$

[illegible] remainder = 6 [illegible] remainder [illegible] (key word) [illegible] key word [illegible]

စာမျက်နှာ ၁၆ ကော်လံ ၁ သို့ ❁

❀ စာမျက်နှာ ၁၅ မှ

[illegible]

ရွှေပါရမီသွေးလှူဒါန်းပွဲ

ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိကနှင့် တပည့်ဒါယကာ၊ ဒါယိကာမများ၏ (၁၈)ကြိမ်မြောက် ဒါနဥပပါရမီ စုပေါင်းသွေးလှူဒါန်းပွဲကို ဇန်နဝါရီလ ၂၉ ရက် (စနေနေ့) နံနက်၉နာရီမှ မွန်းလွဲ၂နာရီအထိ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ အမျိုးသားသွေးဌာန၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ မည်သူမဆို လာရောက်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

မ/ဒဂုံ(၃၅)ရပ်ကွက်၊ မဂ္ဂင်လမ်း၊ နှစ်ကွက်တွဲ ပေ(၈၄×၆၀)နှင့် နှစ်ထပ်တိုက် ပေ(၁၈×၃၈) ကိုယ်ပိုင်အဝီစိတွင်း၊

ဂရန်အမည်ပေါက်ညှိနှိုင်းဈေး-သိန်း ၇၅၀

ဖုန်း-၃၈၅၈၆၅၊ ၂၅၄၆၄၀၊ ၂၄၆၄၈၄၊ ၃၈၁၇၂၉၊ ၀၉၅၄၀၀၉၀၉

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်-၄ ကံဘဲ့၊ လူနေရပ်ကွက်အမှတ်-ကံဘဲ့ ၊ မြေကွက်အမှတ်-၁၂၉၊ ဧရိယာ (၀. ၂၀၇) ဧကရှိ နှစ်(၆၀)ဂရန်မြေပေါ်ရှိ အမှတ်(၁၄)၊ ဘူတာရုံလမ်း၊ (၁၅) ရပ်ကွက်၊ ရန်ကင်းမြို့နယ်ဟုခေါ်တွင်သော မြေနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့၏ အမည်ပေါက်ပိုင်ရှင် ဒေါ်မမလေး[၁၂/ရကန (နိုင်)၀၅၂၂၈၉]နှင့် ခင်ပွန်း ဦးချစ်မောင်[၁၂/လသန(နိုင်)၀၀၃၁၈၅]တို့ ကွယ်လွန်သဖြင့် ၎င်းတို့၏တရားဝင် အမွေဆက်ခံသူများဖြစ်သည့် ၁။ ဒေါ်အမာစိန်[၁၂/ရကန(နိုင်)၀၃၇၇၂၁]၊ ၂။ ဒေါ်အမာကြည်[၁၂/ရကန(နိုင်)၀၅၁၆၅၆]၊ ၃။ ဒေါ်အမာရီ[၁၂/ရကန(နိုင်)၀၅၁၇၄၇]၊ ၄။ ဒေါ်အမာစီ[၁၂/ရကန(နိုင်)၀၅၂၀၃၄]၊ ၅။ ဒေါ်ခင်မာသီ[၁၂/ဒဂန(နိုင်)၀၂၀၈၁၇]၊ ၆။ ဒေါ်အမာနီ[၁၂/ရကန(နိုင်)၀၅၂၀၄၄]၊ ၇။ ဦးမြင့်ဇော်[၁၂/ရကန(နိုင်)၀၅၃၉၉၃]၊ ၈။ ဦးသောင်းစိန်(ခ)တင့်ကျော်[၁၂/ကတတ(နိုင်)၀၃၂၂၇၇]၊ ၉။ ဦးဝင်းစိုး[၁၂/ရကန(နိုင်)၀၅၂၀၄၃]၊ ၁၀။ ဦးဖြိုးဖြိုး(ခ) ဦးဝင်းဖြိုး[၁၂/ရကန(နိုင်)၀၆၁၀၄၇] တို့ထံမှ ဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေမှ စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးသန်းဦး — **ဦးသန့်ဇော် LL.B, D.B.L, D.I.L**

အထက်တန်းရှေ့နေ(စဉ်-၃၂၃၅) — **တရားရုံးချုပ်ရှေ့နေ(စဉ်-၇၃၄၁)**

အမှတ်(၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းသင်တန်းဌာန သင်တန်းများဖွင့်လှစ်ခြင်း

ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ကြီးမှူး၍ မြန်မာ့ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းနှင့် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းသင်တန်းကျောင်းမှ အောက်ဖော်ပြပါသင်တန်းများကို ၃၁-၁-၂၀၁၁ ရက်မှ ၂၅-၃-၂၀၁၁ ရက်ထိ ရက်သတ္တပတ်(၈)ပတ် ဖွင့်လှစ်ပါမည်။

စဉ်	သင်တန်းအမည်	အနည်းဆုံးပညာအရည်အချင်း
၁။	HotelSupervisory (Accounting)	ဘွဲ့ရရှိပြီး၊ စာရင်းကိုင်ပညာ အခြေခံနားလည်သူ
၂။	Hotel Supervisory (Accounting)+Opera Software	ဘွဲ့ရရှိပြီးစာရင်းကိုင်ပညာအခြေခံ နားလည်သူ
၃။	Front Office Operations	ဘွဲ့ကြို၊ ဘွဲ့ရ
၄။	Front Office Operations +Opera Software	ဘွဲ့ကြို၊ ဘွဲ့ရ
၅။	Housekeeping Operations	တက္ကသိုလ်ဝင်တန်း
၆။	Food and Beverage Service, Bartending & Stewarding	တက္ကသိုလ်ဝင်တန်း
၇။	Food and Beverage Production	တက္ကသိုလ်ဝင်တန်း
၈။	Oriental Food Cookery	ယခင် ဤသင်တန်းကျောင်းမှ Food & Beverage Production သင်တန်းဆင်းများဖြစ်ရမည်။ သင်တန်းလျှောက်လွှာများကို သင်တန်းဆင်းလက်မှတ်မိတ္တူနှင့် ပူးတွဲတင်ရမည်။
၉။	Hospitality English	တက္ကသိုလ်ဝင်တန်း

လျှောက်ထားသူများအားလုံး အသက် ၁၇ နှစ်ပြည့်ပြီးသူဖြစ်ရမည်။

လျှောက်လွှာများကို ကန်တော်ကြီးဟိုတယ်ရှေ့ရှိ သင်တန်းဌာနတွင် ဝယ်ယူနိုင်ပြီး၊ ဓာတ်ပုံ(၁)ပုံ၊ ပညာအရည်အချင်း မိတ္တူ၊ ကျန်းမာရေးထောက်ခံစာ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ထောက်ခံစာ ပူးတွဲတင်ရမည်။ သင်တန်းအောင်မြင်သူများကို ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်ပါမည်။ အသေးစိတ်ကို သင်တန်းဌာန ကြော်ငြာသင်ပုန်းတွင် ကပ်ထားပါမည်။

ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းသင်တန်းဌာန

ကန်ရိပ်သာလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့

ဖုန်း-၂၄၉၂၅၅၊ လိုင်းခွဲ ၅၇၀၉

MPA မိသားစု မိတ်ဆုံညစာစားပွဲကျင်းပမည်

ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ အသုံးချဘောဂဗေဒဌာန၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာ မဟာဘွဲ့သင်တန်း (MPA) မိသားစု၏ (ပထမ)အကြိမ် စုံညီမိတ်ဆုံညစာစားပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များထံ ဆက်သွယ်၍ မပျက်မကွက်တက်ရောက်ကြပါရန် နှိုးဆော်ဖိတ်ကြားအပ်ပါသည်-

နေ့ရက် - **၂၉-၁-၂၀၁၁ ရက် (စနေနေ့)**

အချိန် - **ညနေ ၆ နာရီ**

နေရာ - **DUSIT INYALAKE HOTEL**

ကမ္ဘာအေးစေတီလမ်း၊ ရန်ကုန်မြို့

EMPA (1)BATCH	မှ ဒေါက်တာဌေးဝင်း	၀၉၅၁၇၆၅၃၆
EMPA(2)BATCH	မှ ဦးမောင်မောင်စိုး	၀၉၈၀၃၁၄၃၁
EMPA(3)BATCH	မှ ကိုထွန်းထွန်း	၀၉၈၀၃၃၄၇၀
EMPA(4)BATCH	မှ ဦးခင်မောင်သန်း	၀၉၅၁၆၆၆၅၇
EMPA(5)BATCH	မှ ဒေါ်စန္ဒာမွေး	၇၃၀၇၇၇၃၇
EMPA(6)BATCH	မှ ကိုနန္ဒာလှမြင့်	၀၉၅၁၆၅၂၃၅
EMPA(7)BATCH	မှ ဦးဝင်းသော်	၀၉၅၁၃၆၉၇၈
EMPA(8)BATCH	မှ ဦးစိုးစိုးနိုင်	၀၉၈၆၃၀၀၆၉
EMPA(9)BATCH	မှ ဦးစိုးနိုင်	၀၉၅၂၀၀၅၈၄
MPA(1)BATCH	မှ ကိုသန့်ဇင်	၀၉၅၁၄၂၂၅၇
MPA(2)BATCH	မှ ကိုမင်းသီဟ	၀၉၅၀၅၆၉၂၇
MPA(3)BATCH	မှ ကိုဇော်မင်းစိန်	၀၉၈၆၁၃၆၅၇
MPA(4)BATCH	မှ ကိုတင်ထွဋ်အေး	
MPA(5)BATCH	မှ ကိုထွန်းအောင်လွင်ကြည်	
MPA(6)BATCH	မှ မဒါလီစိန်ဝင်း	၀၉၅၁၁၉၅၉၈
MPA(7)BATCH	မှ မအေးမြမြငြိမ်း	၀၉၅၁၂၂၈၅၆
MPA(8)BATCH	မှ မမော်မော်	၀၉၅၅၀၂၂၄၈
MPA(9)BATCH	မှ ကိုအောင်ကိုလတ်	၀၉၅၁၈၇၁၇၂
MPA(10)BATCH	မှ ကိုဆန်းမင်းနိုင်	၀၉၅၂၀၂၅၉၂
MPA(11)BATCH	မှ ကိုကျော်မြိုင်	၇၃၀၁၄၆၄၅

ကျေးဇူး ဆပ်ပါမည် ကျွန်တော်ဇော်လင်းခိုင်၏ နိုင်ငံကူးလက်မှတ် အမှတ်-၈၄၇ ၈၀၆ မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၁-၇၃၀၇၀၈၆၀၊ ၀၉-၅၁၅၀၈၃၅**

အမြန်ပြန်လာပါ

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ဘုရင့်နောင်ပွဲရုံနယ်မြေ၊ ခရေလမ်း၊ အမှတ်(ဂ/၂၀)နေ ဦးသန်းမြင့်ထွန်း၏ ဇနီး ဒေါ်ဝါဝါလင်း [၁၂/မရက(နိုင်) ၁၄၄၆၀၁] အသက်(၂၈)နှစ်သည် နေအိမ်မှဆင်းသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်နှင့် လက်ခံထားသူအား ဥပဒေအရ အရေးယူမည်ဖြစ်ပါကြောင်း။

ဦးသန်းမြင့်ထွန်း

PME -၀၂၅၂၀၀

ဆက်သွယ်ရန်

ဖုန်း-၀၉၅၀၃၉၇၅၉၊ ၆၆၆၆၂၆

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်ပခ/၆၃၀၀၇၊ Kenbo 125 M/C ယာဉ်လက်ဝယ်ရှိသူအမည် ဦးလှိုင်ဘွဲ့ထန် မှတ်ပုံတင်အမှတ် [၃/ကမန(နိုင်)၁၀၆၇၆၃]မှ ယာဉ်မှတ်ပုံတင်စာအုပ်ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားဖြင့်ကြော်ငြာသည့်ရက်မှ (၁၅) ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဦးစီးမှူးရုံး(ပဲခူး)

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် မတလ/၃၆၂၂၄၀၊ Luojia 110 ယာဉ်လက်ဝယ်ရှိသူ အမည် ဦးစိန်ကြည် မှတ်ပုံတင်အမှတ် [၉/မထလ(နိုင်)၀၄၂၈၇၁]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ(၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မိတ္ထီလာမြို့)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

ရေယွန်းချည်ဖြင့် ထုတ်လုပ်သည့် အထည်အလိပ်စက်ရုံများ တည်ဆောက် ပုဂ္ဂလိက စက်မှုလုပ်ငန်းရှင်များ အထည်အလိပ်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံ

နေပြည်တော် ဇန်နဝါရီ ၁၇

အမှတ်(၁)စက်မှုဝန်ကြီးဌာန အဆင့်မြင့်ချည်နှင့် အထည်ထုတ်လုပ်ရေးညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်း၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်သိမ်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ၊ အထည်ချုပ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် အထည်ချုပ်လုပ်ငန်းရှင်များ၊ ပုဂ္ဂလိကကုမ္ပဏီများမှ လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီး ဦးအောင်သောင်းက အဖွင့်အမှာစကားပြောကြားရာတွင် ပြည်တွင်း၌ အဆင့်မြင့်ချည်နှင့် အထည်ထုတ်လုပ်မှုလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံရေးအတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များအား ခေါ်ယူတွေ့ဆုံခြင်းဖြစ်ကြောင်း၊ မိမိတို့၏ လူနေမှုနယ်ပယ်တွင် ဝတ်စားဆင်ယင်မှုသည် အထူးအရေးပါပြီး ယနေ့ခေတ်ကာလမှာ အဝတ်အစားနှင့်ပတ်သက်၍ အရောင်အသွေးမျိုးစုံ၊ ဒီဇိုင်းမျိုးစုံ ရွေးချယ်ဝတ်ဆင်ရမှုကို ပိုမိုနှစ်ခြိုက်လာသဖြင့် လူသားများ၏ လိုအပ်ချက်အား ဖြည့်ဆည်းနိုင်ရန် အသစ်အဆန်းများ တီထွင်ထုတ်လုပ်ရန် အမြဲလိုအပ်နေမည်ဖြစ်ကြောင်း၊ ယနေ့တွင် နိုင်ငံအတွင်း စက်မှုဇုန်များ ထူထောင်ဖွင့်လှစ်ပေးထားပြီး စက်မှုလုပ်ငန်းအကြီးစား၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❖

ယနေ့ ကြေးမုံ သတင်းအညွှန်း

ပုဇွန်တောင် ရေကျော်လမ်းမ ကွန်ကရစ်လမ်းသစ်ဖွင့်

သတင်း (စာမျက်နှာ-၂)



မျိုးသုဉ်းခဲ့သော ရှေးခေတ် သတ္တဝါများကို ပြန်လည်အသက်သွင်းဖန်တီးရန် သုတေသနပညာရှင်များရည်ရွယ်

သတင်း (စာမျက်နှာ-၄)

အီရန် နျူစက်ရုံများလည်ပတ်မှုကို နှောင့်ယှက်သည့် ကွန်ပျူတာ ပိုင်းရပ်စ် အစ္စရေးစမ်းသပ်

သတင်း (စာမျက်နှာ-၄)

လူသားတို့၏ ကင်ဆာရောဂါဝေဒနာများကို ခွဲစိတ်ကုသပေးနိုင်မည့် ဒါဗင်ချီခေါ် စက်ရုပ်လက်တံအသုံးပြု ခွဲစိတ်စနစ်ကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အာခေါင်ကင်ဆာ ခွဲစိတ်ကုသမှုကို များစွာအထောက်အကူပြုသော စက်ရုပ်လက်များ

ဒက်ထရွိုက် ဇန်နဝါရီ ၁၇

သမားရိုးကျ ခွဲစိတ်ကုသမှုဖြင့် အစားအသောက်ဝါးမျိုနိုင်စွမ်းနှင့် စကားပြောဆိုနိုင်စွမ်းများ ဆုံးရှုံးနိုင်သည့် အာခေါင်ကင်ဆာရောဂါရှင်များအတွက် စက်ရုပ်ဖြင့် ခွဲစိတ်ကုသမှုက များစွာ အထောက်အကူပြုကြောင်း အမေရိကန်ပြည်ထောင်စု ဒက်ထရွိုက်မြို့ရှိ ဟင်နရီဖို့ဒ်ဆေးရုံမှ ဆရာဝန်များက ပြောကြားသည်။

အမေရိကန်ပြည်ထောင်စု ဒက်ထရွိုက်မြို့ရှိ ဟင်နရီဖို့ဒ်ဆေးရုံနှင့် မီချီဂန်တက္ကသိုလ်မှ ဆရာဝန်များက စက်ရုပ်လက်များဖြင့် အာခေါင်ကင်ဆာခွဲစိတ်ကုသမှုကို ပထမဦးစွာ လုပ်ဆောင်ခဲ့ကြကြောင်း ဒက်ထရွိုက်ဖရီးပရက်စ် သတင်းစာက ဆိုသည်။ **စာမျက်နှာ ၅ ကော်လံ ၁ သို့** ❁

အင်တာနက်
ဆေးဘက်ဆိုင်ရာသတင်း
ဘာသာပြန် - ကြယ်စင်သာ